# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ (31-3-2015) (၈၁၆၁)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။


သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။

(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာစေရေး ဆွေးနွေး



ဒုတိယသမ္မတ ဦးညဏ်ထွန်း လာအိုနိုင်ငံသမ္မတ ကျူမာလီဆိုင်ညဆွန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**ဗီယင်ကျန်း မတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်ထေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းနှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဗီယင်ကျန်းမြို့ ဝပ်ထေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ သမ္မတရုံးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ် ဘိုဖာနှင့် ဇနီး၊ ဗီယင်ကျန်းမြို့ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး မစ္စတာ လိုင်းရင်းဆိုင်ညဇန်၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီးတင်ထွန်းအောင်၊ မြန်မာသံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီး ဦးဆောင်သော အဖွဲ့သည် လာအိုနိုင်ငံ သမ္မတနန်းတော်သို့ ရောက်ရှိရာ လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် လာအိုနိုင်ငံသမ္မတ ကျူမာလီဆိုင်ညဆွန်အား ဂါရဝပြုတွေ့ဆုံသည်။ အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေး၊ ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုနိုင်ငံမှ သမ္မတရုံးဝန်ကြီး၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီး၊ လာအိုသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**စိုက်ပျိုးရေး၊ ခရီးသွားလာရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် အားကစားကဏ္ဍများတွင် နှစ်နိုင်ငံအကြား အပြန်အလှန်လေ့လာရေးခရီး သွားရောက်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ခြင်းတို့ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်။**

# လယ်ယာလုပ်ငန်းအဆင့်မြင့်ရေး အရစ်ကျဝယ်ယူနိုင်သည့် ထွန်စက်များရောက်ရှိ

**ရေစကြို မတ် ၃၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှ တောင်သူများသည် မိမိတို့၏လယ်ယာလုပ်ငန်းခွင်လိုအပ်ချက်အရ ယခုလအတွင်း ကိုရီးယားနိုင်ငံထုတ် DAE DONG (ဒေဒေါင်း) လယ်ထွန်စက်ကြီး ၁၁ စီးကို တစ်ပိုင်တစ်နိုင်ဝယ်ယူဖြည့်ဆည်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ရေစကြိုမြို့နယ် သမဝါယမဦးစီးဌာနရဲ့ စီစဉ်ဆောင်ရွက်မှုနဲ့ သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနက ကြီးကြပ်ပြီး မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က အရစ်ကျစနစ်နဲ့ ဖြန့်ဖြူးရောင်းချပေးနေတဲ့ ကိုရီးယားနိုင်ငံထုတ် DAE DONG လယ်ထွန်စက်ကြီး ၁၁ စီးကို ကျွန်တော်တို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



## နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်၏ ပထမဆုံး ကမ္ဘာပတ်ခရီး မန္တလေးမြို့မှ တရုတ်နိုင်ငံ ချုံကင်းမြို့သို့ ထွက်ခွာပျံသန်း



owi; pmrsuEm » 4




# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် မတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဆင်းဗန်ဗု၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာအင်သာစုန်သီရာကူးလ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေး၊ ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီးအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



**✻ ရွှေဖုံးမှ**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာစေရေး၊ နှစ်နိုင်ငံအစီအစဉ်များအပြင် အာဆီယံ၊ ဂျီအမ်အက်စ်၊ အက်ခ်မက်စ်၊ စီအယ်လ်အမ်ဗွီနှင့် အယ်လ်အမ်အိုင်တို့ကဲ့သို့သော ဒေသတွင်းအစီအစဉ်များတွင်ပါ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုများ တိုးတက်စေရေး၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရေးအတွက် အလားအလာရှိမည့် နယ်ပယ်များကို ချဲ့ထွင်ဖော်ထုတ်သွားရေးနှင့် စိုက်ပျိုးရေး၊ ခရီးသွားလာရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် အားကစားကဏ္ဍများတွင် နှစ်နိုင်ငံအကြား အပြန်အလှန်လေ့လာရေးခရီးသွားရောက်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ခြင်းတို့ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်ပြီး ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယသမ္မတသည် လာအိုနိုင်ငံ ဒုတိယသမ္မတနှင့်တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လာအိုနိုင်ငံမှ နိုင်ငံခြားရေး၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် လာအိုနိုင်ငံအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆက်လက်တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်း၏ဇနီးနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် လာအိုသမ္မတနန်းတော်မှတစ်ဆင့် Ammalin လာအိုပိုးထည်လက်မှုပြခန်းနှင့် SONG MUE NANG လက်မှုပြခန်းတို့ကို သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းနေ့ ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးဦးဆောင်သော အဖွဲ့သည် လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညာဏ်ထွန်းအား လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဦးညာဏ်ထွန်း လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

**✻ လယ်ယာမှ**

မြို့နယ်မှ သမဝါယမအသင်းသား ၁၁ ဦးက ဝယ်ယူခဲ့ပါတယ်။ ယခုဝယ်ယူခဲ့တဲ့ လယ်ထွန်စက်ကြီးတွေက မြင်းကောင်ရေ ၅၀ နှစ်စီးနဲ့ မြင်းကောင်ရေ ၆၀ ကိုးစီးဖြစ်ပါတယ်။ မြင်းကောင်ရေ ၅၀ လယ်ထွန်စက်တစ်စီးရဲ့တန်ဖိုးက ၁၉၄၇၁၂၈၉ ကျပ်ဖြစ်ပါတယ်။ တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်း စတင်ပေးသွင်းပြီး ခြောက်နှစ်ဆပ်ဖြစ်ပါတယ်။ အလားတူ မြင်းကောင်ရေ ၆၀ လယ်ထွန်စက်တစ်စီးရဲ့တန်ဖိုးက ၂၄၂၆၁၉၂၃ ကျပ်ဖြစ်ပါတယ်။ တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းပေးချေပြီး ခြောက်နှစ်ဆပ်ဖြစ်ပါတယ်။ ဝယ်ယူတဲ့ကျေးရွာတွေကတော့ ရွှေလှန်၊ သစ်ကြီးတော၊ ညောင်စောက်၊ တောင်အို၊ ဆင်ချောင်း၊ စည်သာ၊ သဲတော၊ ဗလဘ၊ သပြေပင်၊ ကန်သစ်၊ သာစည်ကျေးရွာတွေဖြစ်ပါတယ်”ဟု မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဝင်းကျော်က ပြောပြသည်။

“အရင်တုန်းကတော့ ကျွန်တော်တို့ရဲ့ လယ်ယာမြေတွေမှာ စက်ကိရိယာကို အသုံးပြုရကောင်းမှန်းလည်း မသိခဲ့သလို ဝယ်ယူသုံးစွဲဖို့ ငွေကြေးကလည်း မပြည့်စုံဘူး။ အခုခေတ်ရောက်တော့ နိုင်ငံတော်ကလည်း လယ်သမားအရေး ဦးစားပေးလာတယ်။ စိုက်ပျိုးမြေအတွက် စိုက်ပျိုးရေရရှိအောင် နည်းလမ်းအမျိုးမျိုးနဲ့ ဆောင်ရွက်ပေးခဲ့တော့ စပါး နှစ်သီး၊ ပဲတစ်သီးနဲ့ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ခဲ့တော့ ကျွန်တော်တို့တောင်သူတွေရဲ့ ဘဝတွေလည်း သိသိသာသာပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ အခုတော့ ငွေလေးလည်း စုမိ၊ သမဝါယမဝန်ကြီးဌာနကလည်း လယ်ယာသုံးစက်ပစ္စည်း ကိရိယာတွေကို အရစ်ကျစနစ်နဲ့ ရောင်းချပေးနေတော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားဆိုသလို လယ်ယာလုပ်ငန်းခွင်အတွက် လိုအပ်ချက်တွေပြည့်စုံသွားခဲ့ရတယ်ပေါ့ဗျာ။ ပြီးတော့ ကျွန်တော်တို့လယ်ယာလုပ်ငန်းခွင်မှာ လယ်ယာသုံးစက်ကိရိယာတွေကို အသုံးပြုစိုက်ပျိုး ထုတ်လုပ်ခြင်းအားဖြင့် လုပ်ငန်းတွေ သွက်လက်မြန်ဆန်လာတယ်။ အချိန်ကုန်သက်သာလာတယ်။ လူလုပ်အားတွေ သက်သာလာတယ်။ မြေယာထွန်ယက်ပြုပြင်ရာမှာလည်း စက်ကိရိယာကလိုသလို လုပ်လို့ရတာဆိုတော့ စိုက်ပျိုးရေးမှာ အများကြီးအကျိုးရှိလာတယ်။ ဥပမာ စပါးသီးနှံအထွက်ကောင်းဖို့အတွက် မျိုးကောင်းမျိုးသန့်တို့၊ ယခုခေတ်အသုံးပြုနေတဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်တို့လိုသလို တမန်းနက်ဖို့၊ တမန်းညက်ဖို့၊ တမန်းညီဖို့ကလည်း အရေးကြီးတာပဲ။ ဒါကြောင့် မြေယာထွန်ယက်ပြုပြင်ရာမှာ ထွန်ရေး နက်နက်၊ ထွန်ရေးညက်ညက်ဖြစ်ဖို့ လယ်ထွန်စက်က အကောင်းဆုံးဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ဒေသက တစ်နှစ်သုံးသီးစိုက်ဒေသဖြစ်လို့ အချိန်မီအခါမီ မြေယာထွန်ယက်ပြုပြင်ရာမှာ စက်ကိရိယာတွေက ပိုမိုလိုအပ်လာတယ်။ အခုလို ကျွန်တော်တို့ရဲ့ဘဝတွေ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးတဲ့ နိုင်ငံတော်နဲ့ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရပါတယ်”ဟု သာစည်ကျေးရွာမှတောင်သူ ဦးထွန်းလူက ပြောပြသည်။

ယခုကဲ့သို့ လယ်ယာလုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်ရန် ဒေသခံတောင်သူများက လယ်ယာသုံးစက်ကိရိယာများကို တစ်နိုင်တစ်ပိုင် ထူထောင်လာကြသည့်အတွက် တစ်နှစ်ထက်တစ်နှစ် တိုးတက်သုံးစွဲလာကြခြင်းဖြင့် နိုင်ငံတော်မှ မျှော်မှန်းဆောင်ရွက်လျက်ရှိသော လက်မှုလယ်ယာမှ စက်မှုလယ်ယာခေတ်ဆီ မကြာမီရောက်ရှိတော့မှာ သေချာနေပါသည်။

**ဖေထွန်းဇော်(ရေစကြို)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၃၁-၃-၂၀၁၅ (အင်္ဂါနေ့)

- ၆း၀၀ အဖွင့် -ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၂၃)
- ၆း၂၀ “ဖက်ဖူးစိမ်း”(ဇာတ်သိမ်း) (ရဲသီဟအောင်၊ ရဲနိုင်အောင်၊ အိထက်အောင်) (ဒါရိုက်တာ-ကျော်ထက်ဇော်)
- ၇း၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ညောင်ညောင်)
- ၇း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ညသူ့ရဲကောင်း” (အပိုင်း- ၂၅)
- ၈း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီ ပန်းတစ်ပွင့်” (အပိုင်း-၂၆)
- ၉း၀၀ တေးဂီတအစီအစဉ်
- ၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း “အပိုအလိုမရှိ ကွက်တိ”
- ၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသမည်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံးမူကြမ်းပါအချက်များအားလုံး နှစ်ဖက်သဘောတူညီမှုရရှိ UPWC နှင့် NCCT အကြား ပဏာမသဘောတူညီကြောင်း မတ် ၃၁ ရက်တွင် လက်မှတ်ရေးထိုးမည်

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် UPWC နှင့် NCCT တို့၏ (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုအား မတ် ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ သတ္တမရက်မြောက်နေ့ အစည်းအဝေးအဖြစ် ပြန်လည်ကျင်းပခဲ့သည်။ ယနေ့ကျင်းပသော အစည်းအဝေးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA)နောက်ဆုံးမူကြမ်းတွင် ပါဝင်သည့်အချက်များအားလုံးကို သဘောတူညီနိုင်ခဲ့သည့်အပေါ် နှစ်ဖက်ကိုယ်စားလှယ်များ၏ သဘောထားအမြင်များကို ကောက်နုတ်ဖော်ပြပါသည်။**

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်


ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း


ဦးနိုင်ဟံသာ


ဦးလှမောင်ရွှေ

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း NCCT အဖွဲ့ဝင် (ချင်းအမျိုးသားတပ်ဦး-CNF)**

ဒီနေ့အစည်းအဝေးမှာတော့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် NCA မှာပါတဲ့ အချက်အလက်တွေအားလုံးကို ကျွန်တော်တို့ သဘောတူပြီးပါပြီ။ အဲဒါကြောင့် UPWC နဲ့ NCCT တို့ ရှေ့မှာဆောင်ရွက်ရမယ့် ကိစ္စအားလုံးကို အပြီးအစီးဆောင်ရွက်ပြီးခဲ့ပါပြီလို့ သတင်းကောင်းပါးလိုပါတယ်။ နံပါတ် (၂) အနေနဲ့ကတော့ ကျွန်တော်တို့ဆောင်ရွက်ပြီးစီးခဲ့တဲ့ စာချုပ်ပါအချက်အလက်တွေကို UPWC နဲ့ NCCT တို့က သဘောတူပြီးသားဖြစ်ပေမယ့် လက်မှတ်ထိုးတဲ့အဆင့်ကိုတော့ အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသားဘက်က NCCT အနေနဲ့ လက်မှတ်ထိုးပိုင်ခွင့် အခွင့်အာဏာမရှိဘူး။ အဲဒီအတွက်ကြောင့် လက်မှတ်ထိုးနိုင်ဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေရဲ့ ညီလာခံကြီးကို ကျွန်တော်တို့အမြန်ဆုံးလုပ်ဆောင်မှာဖြစ်တယ်။ အဲဒီညီလာခံကြီးမှာ အခုသဘောတူထားတာတွေ အားလုံးကို တင်ပြမယ်။ လက်မှတ်ထိုးမယ့် အစီအစဉ်ကိုတော့ ကျွန်တော်တို့ရဲ့ ထိပ်သီးခေါင်းဆောင်တွေက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ NCCT နဲ့ UPWC နှစ်ဖက်အလုပ်အဖွဲ့တို့ရဲ့ တစ်နှစ်ကျော်ကျော် ကြိုးစားခဲ့ပြီးမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုနိုင်ဖို့အတွက် အဆင်သင့်လုပ်နိုင်တာဖြစ်ပါတယ်။ ကျွန်တော်တစ်ခုပြောချင်တာက အနှစ် ၆၀ ကျော် ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေဖို့ ကျွန်တော်တို့ ကြိုးစားနေတာဖြစ်တယ်။ အနှစ် ၆၀ ကျော် ပြည်တွင်းစစ်ကို ရပ်စဲဖို့ဆိုရင် ကဏ္ဍတစ်ခုတည်း ဆောင်ရွက်လို့မရဘူး။ ကဏ္ဍပေါင်းစုံက ဆောင်ရွက်ရမယ်။ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးသွားရင် နှစ်ဖက်သော စစ်သည်တော်တွေ လိုက်နာရမယ့် ကျင့်ဝတ်တွေ၊ နှစ်ဖက်ကနေ ပူးတွဲစောင့်ကြည့်ရေး ဘယ်လိုလုပ်ရမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲ ဘယ်လိုကျင်းပရမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲ မစနိုင်ခင်ကြားကာလမှာ ကျွန်တော်တို့အချင်းချင်း ဘယ်လိုဆောင်ရွက်ရမလဲ၊ ဘယ်လိုအသိအမှတ်ပြုရမလဲဆိုတာတွေပါ ထည့်သွင်းဆွေးနွေးရတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ရဲ့ စာချုပ်က အင်မတန်မှ ပြည့်စုံတယ်။ အင်မတန်မှ ကျယ်ပြန့်တယ်။ အဲဒါကြောင့် အချိန်နည်းနည်းလေး ကြန့်ကြာနေတာကို ပြည်သူလူထုအနေနဲ့ နားလည်ပေးပါ။ အခုတော့ ပြီးသွားပါပြီ။ အနှစ် ၆၀ ပြည်တွင်းစစ်ကို အမှန်တကယ်ချုပ်ငြိမ်းပြီး တိုင်းပြည်ငြိမ်းချမ်းသာယာအောင် ဆောင်ရွက်နိုင်ဖို့ ပထမခြေလှမ်း လှမ်းနေပြီဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။

**ဦးလှမောင်ရွှေ**
**MPC ၏ နည်းပညာဆိုင်ရာ အထောက်အကူပြုအဖွဲ့**

ဒီနေ့ (၇)ကြိမ်မြောက်ဆွေးနွေးပွဲရဲ့ သတ္တမနေ့မှာ အရင်အပတ်က ဆွေးနွေးဖို့ကျန်ရှိတဲ့ အခန်းတစ်ခုနဲ့ အချက်သုံးချက်ကို တစ်နေ့လုံးအကျေအလည် ဆွေးနွေးခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ငါးမိနစ်မှာ အားလုံးကို သဘောတူနိုင်ခဲ့ပါပြီ။ နောက်ဆုံး NCA စာချုပ်မှတ်တမ်းကို ကျွန်တော်တို့ဘက်က ပြန်ကြည့်တဲ့အခါမှာ နှစ်ဖက်ခေါင်းဆောင်ကိုယ်စားလှယ်အဖွဲ့တွေ သဘောတူညီနိုင်ခဲ့တဲ့ NCA မှာ အခန်းပေါင်း (၇)ခန်း၊ အပိုဒ်ပေါင်း (၃၃) ပိုဒ်နဲ့ အပိုဒ်ငယ်ပေါင်း (၈၆) ခုပါပါတယ်။ ဒါဟာအချက်အားလုံးကို ကျွန်တော်တို့သဘောတူနိုင်ခဲ့တာလို့ အသိပေးလိုပါတယ်။ အခု သဘောတူထားတဲ့အချက်တွေကို တိုင်းရင်းသားတွေဘက်က သူတို့ရဲ့ တိုင်းရင်းသားထိပ်သီးခေါင်းဆောင်ညီလာခံမှာ ပြန်လည်တင်ပြဖို့ လိုမယ်။ အစိုးရဘက်အတွက် UPWC ကတော့ အားလုံးအတည်ပြုလိုက်ပြီ။ အတည်ပြုပြီးဖြစ်တဲ့အတွက် UPCC (ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ) ကို သတင်းပို့ဖို့ပဲ လိုမယ်။ ကျွန်တော်တို့ဘက်က ထပ်ပြီး အတည်ပြုစရာ မလိုတော့ပါဘူး။ နှစ်ဖက်ခေါင်းဆောင်တွေရဲ့ဆုံးဖြတ်ချက်အရ ဒီနေ့ဆွေးနွေးပြီး သဘောတူတာတွေကို မနက်ဖြန် မနက် ၁၀ နာရီမှာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ ပြန်တွေ့ပါမယ်။ သဘောတူထားတဲ့ အချက်တွေအားလုံးနဲ့ အစည်းဝေးမှတ်တမ်းကို ပြန်ကြည့်ပြီးရင် မနက်ဖြန်မှာ ကျွန်တော်တို့ UPWC နဲ့ NCCT ခေါင်းဆောင်တွေအဆင့်မှာ NCA သဘောတူညီချက်ကို နှစ်ဖက်ခေါင်းဆောင်တွေ ပဏာမသဘောတူညီထားကြောင်းကို လက်မှတ်ရေးထိုးပါမယ်။ ပြီးရင် တစ်ဖက်ခေါင်းဆောင်သုံးဦးစီနဲ့ နှစ်ဖက်ခြောက်ဦးပါ ခေါင်းဆောင်တွေက NCA သဘောတူညီချက်စာချုပ်နဲ့ ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ပါမယ်။

**ဦးနိုင်ဟံသာ NCCT အဖွဲ့ခေါင်းဆောင်**
**မွန်ပြည်သစ်ပါတီ (NMSP)**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်ကဆိုရင် ၂၀၁၃ နိုဝင်ဘာလဆန်းမှာ NCCT အဖွဲ့ကို ဖွဲ့ခဲ့တယ်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်နဲ့ ၅ ရက်မှာ UPWC နဲ့ စတင်ပြီး တော့ဆွေးနွေးတယ်။ အဲဒီလိုဆွေးနွေးလာခဲ့တာ တရားဝင်က (၇)ကြိမ်ပေါ့။ အလွတ်သဘောတွေက အကြိမ်ပေါင်း မနည်းဘူး။ အစပိုင်းမှာတော့ တစ်ဆို့မှုတွေ တော်တော်များများ ရှိပါတယ်။ အဲဒါကို ကျွန်တော်တို့က တစ်ဖက်နဲ့ တစ်ဖက် နားလည်အောင် ဆွေးနွေးရင်း ဆွေးနွေးရင်းနဲ့ NCCT နဲ့ UPWC အဆင့်မှာတော့ အားလုံးသဘောတူညီမှုရသွားပြီ။ နောက် ခုနက နိုင်ငံရေးဆွေးနွေးတဲ့အခါကျရင် အစိုးရဘက်က တင်ပြထားတာကတော့ တိုင်းရင်းသားကိုယ်စားလှယ်ဆိုပြီးတော့ သီးသန့်ပါဝင်ဖို့ပေါ့။ အဲဒီ သူတို့ရည်ရွယ်တဲ့ တိုင်းရင်းသားကိုယ်စားလှယ်ဆိုတာက လွှတ်တော်ထဲမှာလည်း မပါဘူး။ တပ်မတော်ထဲမှာလည်း မပါဘူး။ အန်ကယ်တို့ရဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုထဲမှာလည်း မပါဘူး။ တိုင်းရင်းသား နိုင်ငံရေးပါတီထဲမှာလည်း မပါတဲ့ တိုင်းရင်းသားကိုယ်စားလှယ်နဲ့ ပါဝင်သင့် ပါဝင်ထိုက်သူတွေရဲ့ အစုအဖွဲ့ကိုယ်စားလှယ်တွေပေါ့။ အဲဒီကိစ္စကို ဆွေးနွေးကြတာပါ။ အခုကတော့ နားလည်မှုရပြီပေါ့နော်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးဖို့အဆင့်ဆိုတာကိုတော့ ကျွန်တော်တို့ NCCT အဆင့်နဲ့ အဆုံးအဖြတ်ပေးလို့ မရသေးဘူး။ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကနေပြီးတော့ အဆုံးအဖြတ်ပေးရမယ်။ သူတို့ပြင်ချင်တာ၊ ဖြည့်စွက်ချင်တာ ရှိကောင်းရှိနိုင်မယ်။ ဒီတော့ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး အစည်းအဝေးလုပ်ရမယ်။ ခန့်မှန်းကြည့်ရတာတော့ ဧပြီလထဲမှာ ဖြစ်နိုင်မှာပါ။ ဟိုအဖွဲ့ ဒီအဖွဲ့ရဲ့ အခြေအနေရဲ့ အေးချမ်းမှုအပေါ်မှာလည်း မူတည်တာပေါ့။ အခုကတော့ နှစ်ဖက်တာဝန်ယူပြီးတော့ ပြောမယ်ဆိုရင် အစိုးရဘက်ကိုလည်း UPWC က တာဝန်ယူထားတယ်။ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုဘက်ကိုလည်း ကျွန်တော်တို့ NCCT က တာဝန်ယူထားတာပေါ့ဗျာ။

(ကျေးဇူးတင်ပါတယ်။)

ယနေ့ သဘောတူညီနိုင်ခဲ့သည့် NCA စာချုပ်နောက်ဆုံးမူကြမ်းပါအချက်များအားလုံးကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် NCCT နှင့် UPWC တို့မှ ပဏာမသဘောတူညီမှုအဖြစ် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်သည်။ ❒

## နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ ပထမဆုံးကမ္ဘာပတ်ခရီး မန္တလေးမြို့မှ တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ ထွက်ခွာပျံသန်း


နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ လေယာဉ်မှူးနှစ်ဦးတို့ လေယာဉ်မထွက်ခွာမီ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

**မန္တလေး မတ် ၃၀**

နေရောင်ခြည် စွမ်းအင်သုံး လေယာဉ် Solar Impulse-2 သည် ၎င်း၏ ကမ္ဘာပတ်ခရီးစဉ်ကို မတ် ၉ ရက်က စတင်ခဲ့ရာမှ မန္တလေးမြို့တွင် ၁၂ ရက်ကြာ ရပ်နားခဲ့ပြီး ယနေ့ နံနက် ၃ နာရီခွဲတွင် တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ ဆက်လက်ထွက်ခွာပျံသန်းသွားပြီဖြစ်သည်။

ခရီးစဉ်တစ်လျှောက် Solar Impulse-2 ကို လေယာဉ် တည်ဆောက်သူ အင်ဒရေဘော့စ်ဘာဂ်နှင့် တွဲဖက်တည်ဆောက်သူ ဘာထရန်ပစ်ကတ်တို့ တစ်လှည့်စီ ပျံသန်းမောင်းနှင်ခဲ့ကြကြောင်း သိရသည်။ အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့မှ စတင်ပျံသန်းခဲ့သည့် အဆိုပါ လေယာဉ်သည် မူလခရီးစဉ်အတိုင်း အိုမန်နိုင်ငံ မတ်စကပ်မြို့၊ အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့နှင့် ဗာရာဏသီမြို့၊ မြန်မာနိုင်ငံ မန္တလေးမြို့၊ တရုတ်နိုင်ငံ ချုံကျင်းမြို့နှင့်နန်ကျင်းမြို့၊ အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်း၊ ဖီးနစ်မြို့နှင့် နယူးယောက်မြို့၊ ဥရောပတောင်ပိုင်း (သို့မဟုတ်) အာဖရိကမြောက်ပိုင်းမှ တစ်ဆင့် ခရီးစဉ်စတင်ခဲ့သည့် အဘူဒါဘီမြို့၌ ကမ္ဘာတစ်ပတ်ခရီးစဉ် အဆုံးသတ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရပ်နားထားစဉ်အတွင်း သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း၊ လာရောက်လေ့လာသူများ၏ မေးမြန်းမှုများအပေါ် အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာ ပြည်သူများ အထူးသဖြင့် ကျောင်းသားကျောင်းသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ သန့်ရှင်းသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်း နည်းပညာရပ်များနှင့် တီထွင်ဆန်းသစ်မှုများကို လေ့လာစူးစမ်းသိရှိခွင့်ရခဲ့ကြပြီး စွန့်ဦးတီထွင်လိုစိတ်များ ထက်သန်ဖြစ်ပေါ်စေခဲ့သည်။

အဆိုပါ လေယာဉ်မထွက်ခွာမီ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများက လေယာဉ်မှူးနှစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

Solar Impulse-2 လေယာဉ်သည် နေ့လယ်ပိုင်းအချိန်များတွင် နေရောင်ခြည် ဖမ်းယူရရှိရန် အမြင့်ပေ ၂၈၀၀၀ အထိ တက်ရောက်ပျံသန်းရသကဲ့သို့ ညအချိန် သမုဒ္ဒရာများအပေါ် ဖြတ်ကျော်ပျံသန်းရာတွင် အမြင့်ပေ ၅၀၀၀ အထိမှသာ ပျံသန်းရမည်ဖြစ်ပြီး ခရီးစဉ် ကီလိုမီတာ ၃၅၀၀၀ (မိုင် ၂၁၇၀၀) ကို ငါးလအတွင်း ပျံသန်းချိန် ၂၅ ရက်ဖြင့် ပျံသန်းရန် လျာထားသော်လည်း ရာသီဥတုပြောင်းလဲမှုအရ ဇူလိုင်လကုန်(သို့မဟုတ်) ဩဂုတ်လဆန်းမှ အဘူဒါဘီ လေဆိပ်သို့ ပြန်လည်ဆင်းသက်ရောက်ရှိမည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံမှ တည်ဆောက်သော အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ရုပ်ကြွင်းလောင်စာဆီ အသုံးမပြုဘဲ မြန်မာနိုင်ငံမှ ဆက်လက်ထွက်ခွာသွားမှုနှင့်အတူ ကမ္ဘာကိုပတ်၍ ပျံသန်းရန် သမိုင်းတွင်မည့် ပထမဆုံးကြိုးပမ်းချက်ခရီးစဉ်ကို စွန့်စားမှုများဖြင့် မှတ်ကျောက်တင်လိုက်ခြင်းပင်ဖြစ်သည်။ **(သတင်းစဉ်)**

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 အိန္ဒိယနိုင်ငံမှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မတ် ၁၉ ရက် ညပိုင်းက ရောက်ရှိရပ်နားစဉ်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 လေယာဉ်မှူးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 ရပ်နားထားစဉ်အတွင်း လာရောက်လေ့လာကြသူများအား တွေ့ရစဉ်။



မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 ရပ်နားထားစဉ်အတွင်း လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။




နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 တရုတ်နိုင်ငံသို့ မထွက်ခွာမီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြင်ဆင်နေစဉ်။

# ရေလိုအေး၍ ပန်းလိုလန်းသည့် နှစ်ကူးတန်ခူးသင်္ကြန်

ဝိသဇ္ဇက(ပဲခူး)

မြန်မာပြက္ခဒိန်၏လများအစ တန်ခူးလကို "စိတ္တကော တန်ခူးလ၊ ရမ္မကော တန်ခူးလ"ဟူ၍ ပရိယာယ်နှစ်မျိုးပြဆိုထားသည်။ အနက်အဓိပ္ပာယ်မှာ "အထူးထူးသော အပွင့်အသီးတို့ဖြင့် ဆန်းကြယ်သည်၏အဖြစ်ကြောင့် လူတို့၏စိတ်နှလုံးကို မွေ့လျော်စေတတ်သောကြောင့် တန်ခူးလဟုခေါ်၏"ဟူ၍ အဘိဓာန်ကျမ်းတွင် ဖော်ပြထားသည်။ အထူးထူးသော အပွင့်အသီးတို့ဖြင့် ရှုချင်စဖွယ်ကောင်းသောလ၊ သာယာကြည်နူးဖွယ်ကောင်းသောလဟု ဆိုအပ်၏။

တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုစကားအရလည်း မြစ်ချောင်းအင်းအိုင်တို့တွင် ရေများပင်ခန်းခြောက်တတ်၏။ သစ်ရွက်တို့ကြွေပြီးလျှင် အကိုင်းအခက်တို့သည် ရိုးတံကျဲကျဲဖြစ်လျက်ရှိ၏။ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး" ဆိုစကားအရ ဖက်ဆွတ်မိုးတို့ရွာသွန်းတတ်သည်။ ထိုအခါ ရိုးတံကျဲကျဲအပင်တို့သည် ရွက်သစ်၊ ရွက်နုလေးများဖြင့် စိမ်းလန်းဝေလွင်ငယ်ရုပ်တို့ ဆင်ကြပေတော့မည်။ မြေသင်းရနံ့တို့သည်လည်း သင်းတပျံ့ပျံ့ရှိချေပြီ။ "လမ်းတစ်လျှောက် သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်းဟူ"၍ ပိတောက်ဝါဝါတို့ဖြင့် လတန်ခူးကိုအလှဆင်ထားကြသည့် တန်ခူးလ၏အလှဆုံးအရာမှာ သင်္ကြန်ပွဲတော် နှစ်သစ်ကူးသည့် အချိန်အခါဖြစ်၏။

**"ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလ် ငုံကင်း၊ သုတ်လေညင်းနှင့် မြေသင်းရနံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပစ္စုန်ရိုက်မြည်း၊ ချွန်းချွန်းတည်း" ဟူ၍ မြေသင်းရနံ့တို့ သင်းပျံ့နေသည်ကို ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင် တင်စား၍ ဖွဲ့ဆိုခဲ့လေသည်။**

တန်ခူးလကို တာကူးဟူ၍ ရေးသည်လည်းရှိ၏။ တစ်ခါတစ်ရံ ပျို့ကဗျာတို့၌ တကူးလဟူ၍ရေးကြသည်။ တာကူးဟူသော အရေးအသားမှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်နေမင်းပြောင်းခြင်းကိုစွဲ၍ ရေးသားကြောင်းကို ဝေါဟာရလီနတ္ထဒီပနီကျမ်းပြုစုသူ လေ့သင်းအတွင်းဝန်မင်းကဆိုသည်။ ဤအဆိုကိုလိုက်၍ ဝေါဟာရ၏ဇာစ်မြစ်ကို ရှာဖွေသူတို့က တာကူးမှတန်ခူးသို့ ရွေ့လျားသည်ဟုကြံဆကြသည်။ သို့ရာတွင် ပုဂံကျောက်စာ၏ အရေးအသားတို့ကို အခြေခံ၍သုတေသနပြုသော ဆရာကြီးဦးဖိုးလတ်၏ အဆိုအရ တာကူးဟူသော အသုံးအနှုန်းနှင့် တန်ခူးဟူသော အခေါ်အဝေါ်တို့သည် သူ့အဓိပ္ပာယ်နှင့်သူ တခြားစီဖြစ်သည်။ "တာ" သည် အချိန်အခါ၊ ရာသီဥတု၊ နှစ်စသည်တို့ကို ဟောသည်ဖြစ်ရာ ဤတာကူးဟူသော ဝေါဟာရ၌ နှစ်ကို ရည်ရွယ်သည်။ ထို့ကြောင့် တာကူးလသည် နှစ်ကူးသောလဟု အဓိပ္ပာယ်ရသည်ဟု ဖော်ပြထား၏။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းမှာပင် နှစ်သစ်ကူးပွဲတော်များ ခမ်းခမ်းနားနားကျင်းပသော ဓလေ့ထုံးစံများရှိသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကို အမြတ်တနိုးကျင်းပကြသည်။ နှစ်သစ်ကိုကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်သစ်ကူးအခါသဘင်ကို "သင်္ကြန်"ဟု ခေါ်သည်။ သင်္ကြန်ဟူသောဝေါဟာရ "သင်္ကြာန္တိ" ဟူသည့် သက္ကတစကားမှ ဆင်းသက်လာသည်ဟု ဝေါဟာရလီ နတ္ထဒီပနီနှင့် ဝေါဟာရတ္ထပကာသနီတို့တွင် ဖော်ပြထားပေသည်။ ပညာရှင်အချို့ကမူ "ပါဠိစကား" "သင်္ကန္တ"မှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ မည်သို့ပင်ဆိုကြစေကာမူ အဓိပ္ပာယ်မှာ "ကူးပြောင်းခြင်း၊ ရွေ့ပြောင်းခြင်း"ဖြစ်သည်။

ဤကမ္ဘာမြေသည် နေကိုဗဟိုပြု၍ လှည့်လည်နေခြင်းဖြစ်၏။ တနင်္ဂနွေဂြိုဟ်နေမင်းသည် မိဿရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်ဟူသော ဆယ့်နှစ်ရာသီခွင်တို့သို့ အစဉ်လိုက်ကူးပြောင်းလှည့်လည်ပြီးနောက် သူရိယ၊ သိဒ္ဓန္တကျမ်းအလို ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ပြည့်သောအခါ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်သည် မိဿရာသီအစ သုညအံသာသို့ဝင်၏။ ထိုကဲ့သို့ ဝင်ရောက်စအချိန်တွင် သင်္ကြန်ကျသည်။ သို့ရာတွင် နှစ်မကူးသေးချေ။ ဗေဒင်တွက်ရိုးကျမ်းများ၌ ရဝိဖုဋ္ဌဂြိုဟ်စင်နှင့်ရဝိမဇ္ဈိုဂြိုဟ်သွမ်းဟူ၍



နှစ်မျိုးနှစ်စားခွဲခြားပြသည်။ ထို့ကြောင့် မိဿရာသီသို့ ထိုဂြိုဟ်နှစ်မျိုးနှစ်စားရောက်သော အချိန်ကာလသည်လည်း ကွဲပြားသည်။ မိဿရာသီသို့ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်ဝင်ရောက်ရှိပြီး၍ ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်၊ စက္ကန့် ၄၀ ကြာမှ တနင်္ဂနွေရဝိမဇ္ဈိုဂြိုဟ်သွမ်းရောက်ရှိ၏။ ထိုကဲ့သို့ကွာခြားသော နှစ်ရက်ကျော်ကာလသို့ ဝင်သောအခါကျမှသာ အတာတက်၍ နှစ်သစ်ကူးပြီဟု အသိအမှတ်ပြုကြသည်ကို သင်္ကြန်တွက်ရိုးကျမ်းတို့ အလိုအရလည်းကောင်း၊ ဆရာကြီးမောင်ထင်၏ မြန်မာ့ဆယ်နှစ်လရာသီအကြောင်း စာ-၆၄ အရလည်းကောင်းဖော်ပြပါ၏။

နှစ်သစ်မကူးမီ တန်ခူးလ၏ရက်တို့ကို နှောင်းရက်သတ်မှတ်ပြီး နှစ်သစ်ကူးပြီးနောက် နှစ်ဆန်းစတန်ခူးလ၏ ရက်တို့ကို ဦးရက်ဟုသတ်မှတ်သည်။ နှောင်းတန်ခူး၊ ဦးတန်ခူးဟူ၍ခေါ်ဝေါ်ကြသည်။ အင်္ဂလိပ်ဧပြီလနှင့် တိုက်ဆိုင်သည်။ မြန်မာနှစ်ဆန်းတစ်ရက်သည် ဧပြီလ ၁၃ ရက်မှ ၁၇ ရက်အတွင်း ကျရောက်တတ်၏။

သင်္ကြန်ဟူသောဝေါဟာရမှာလည်း မြန်မာစကားသက်သက်ဖြစ်သည်ဟု ယူဆကြသည်။ ပညာရှင်များက "ခေါင်းဆေးသင်္ကြန်၊ ကောင်းညွန့်လုံ၊ မကျန်စုံစွာ" ဟူသော ကဝိလက္ခဏာသတ်ပုံလင်္ကာနှင့်အညီ ကောင်းကျိုးမင်္ဂလာကြန်အင်လက္ခဏာတို့ တိုးပွားစေရန် သန့်စင်ဆေးကြောခြင်းဖြင့် ခေါင်းဆေးမင်္ဂလာပြုခြင်းကိုပင် သင်္ကြန်ဟုခေါ်ကြောင်း ပြဆိုခဲ့ကြသည်။ ပတိဋ္ဌာနိကာယ် ဒသဗြဟ္မဇာတ်၌ ဘုရင်မင်းများ ခေါင်းဆေးမင်္ဂလာပြုသည်ကို သင်္ကြန်တော်ခေါ်ကြောင်း ဖော်ပြထားသဖြင့် ရှေးမင်းဧကရာဇ်တို့ သင်္ကြန်တော်ခေါ်ထုံးအစဉ်အလာရှိကြောင်းကိုသိရသည်။ ပုဂံခေတ်၌ အခြားလများတွင် သင်္ကြန်ကျသောနှစ်များ ရှိဖူးသည်ဟုဆိုပါသည်။ မျက်မှောက်ခေတ် အများသိနေသော တန်ခူးသင်္ကြန်ကို အာဒိတျနှစ်ဟူ၍ခေါ်ဆိုကြောင်း ဇနပ ပတ္တိကကျမ်းတွင် ပါရှိပေသည်။ ဇောတိသတ္ထဗေဒကျမ်းတွင် တစ်နှစ်၌ တစ်ဆယ့်နှစ်ကြိမ်သင်္ကြန်ရှိသည်ဟု ဖော်ပြသည်နှင့်အညီ ရှေးမြန်မာဘုရင်မင်းမြတ်များသည် တစ်လကူးပြောင်းတိုင်း ခေါင်းဆေးမင်္ဂလာပြုကာ သင်္ကြန်တော်ခေါ်လေ့ရှိသည်။

အတာသင်္ကြန်ဟုခေါ်ဆိုသည်နှင့်အညီ နှစ်ဟောင်းကုန်၍နှစ်သစ်ကူးချိန်ကိုခေါ်သော အမည်ဖြစ်သည်ကို အတာမှာ အတီတဟူသောပါဠိ၏ အတီဟူသော စကားလုံးမှ အတာဖြစ်လာသည်ဟု ယူဆကြသည်။ အတီတ သည် အတိတ်၊ လွန်ခဲ့ပြီးသောကာလဟု ဆိုလိုခြင်းဖြစ်သည်။ သင်္ကြန်အတာ၊ အတာသင်္ကြန်ဟူသောစကားသည် နှစ်တစ်နှစ်၏ နောက်ဆုံးရက်သုံးရက်ကို ခေါ်ဆိုသော အမည်ဖြစ်သည်ဟု ဆိုလိုကြခြင်းဖြစ်၏။

သင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားသော ဓလေ့နှင့်ပတ်သက်၍ ကောလိယပြည်နှင့် မြတ်ဘုရားရှင်ဖွားမြင်တော်မူရာ ကပိလဝတ်ပြည်ကြားတွင် ဒေဝဒဟပြည်မပေါ်သေးမီက ဒေဝဒဟခေါ်ဆိုသည့် နတ်ရေကန်ကြီးရှိသည်။ ထိုနတ်ရေကန်သို့ နှစ်ပြည်ထောင်မှ သကျသာကီနွယ်ဖွား မင်းသား၊ မင်းသမီးတို့သည် ရေပက်ကစားရင်း တစ်ဦးကိုတစ်ဦး ရင်းနှီးခင်မင်သွားကြလေသည်။ ဒေဝဒဟရေကန်အနီး ရေကစားကြရာမှ နောင်အခါတွင် မိမိတိုင်းပြည်သို့ မပြန်ဘဲ ဒေဝဒဟပြည်ဟု တည်ထောင်ကြကာနေလာကြ၏။

သင်္ကြန်ပွဲတော်၌ အကျီစားသန်သဖြင့် ဝမ်းနည်းကြေကွဲစရာအဖြစ်တို့နှင့်ရင်ဆိုင်ခဲ့ရသည့် အဖြစ်လည်းရှိခဲ့သည်။ ပုဂံပြည့်ရှင်ဘုရင် နရသီဟပတေ့လက်ထက်၌ မိဖုရားစောလုံသည် ဘုရင်မင်းမြတ်က အလွန်ချစ်မြတ်နိုးသော မိဖုရားတစ်ပါးဖြစ်သည်။ ဘုရင် နရသီဟပတေ့သည် မိဖုရားစောလုံကို ကျီစယ်လိုသောကြောင့် မောင်းမမိသံတို့အား "မိဖုရားစောလုံတစ်ကိုယ်လုံး စိုရွှဲအောင်ရေပက်ကြစေ"ဟု အမိန့်တော်ရှိတော်မူသည်။ ထိုအခါ မိဖုရားစောလုံသည် သင်္ကြန်ရေအပက်ကြမ်းလှသောကြောင့် ဘုရင့်အပေါ်၌ အငြိုးထားပြီး ပွဲတော်အုပ်တည်ရာတွင် ဘုရင့်အား အဆိပ်ခတ်လိုက်သည်။ သို့ရာတွင် ကံအားလျော်စွာ ပွဲတော်မတည်မီ နန်းတော်အောက်က ခွေးချေဆတ်၍မစားဘဲ ခွေးကိုကျွေးလေသည်။ ထိုအခါ ခွေးသေ၍ ဘုရင်မင်းမြတ်သည် အချစ်ကြီးအမျက်ကြီးသဖြင့် မိဖုရားစောလုံကို ကွပ်မျက်လေသည်။ ဤကဲ့သို့ ကွပ်မျက်ပြီးမှ နောင်တအကြီးအကျယ်ရ၍ "စောလုံ စောင့်ပါခလှည့်" ဟု မကြာခဏ ယောင်ယမ်းတမ်းတသောဟူ၏။

ဤသည်တို့အား "ရေကစားကြသောအခါတွင် မခံချင်သော စောလုံကဲ့သို့ စိတ်ထားနုသည့်သူများကို မကျီစယ်၊ မကစားကြလေနဲ့၊ အကျီစားသန်ရန်တဲ့"ဟု သတိပေးပြီးလျှင် **"ဒေါပုံအလှည့်သံသရာရေစအပြင်မှာ ကြွားသူတို့ကဖြင့် သဘောမဆုံသနဲ့ မခံချင်ပါလျှင်လည်း မကစားကြလေနဲ့ ချောဂုဏ်နဲ့နွဲ့ရှာတဲ့စောလုံရဲ့ ပုဂံရာဇဝင်တရား"**ဟု ပုဂံရာဇဝင်လေးချိုးကြီး၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သတိပေးရေးသားခဲ့ဖူးသည်။ ဤပုဂံရာဇဝင်အရ ပုဂံခေတ်တွင် ရေကစားကြကြောင်း မှတ်တမ်းသဖွယ်ရှိနေသည်။ အကျီစားသန်က ရန်ဖြစ်တတ်သည်ဟူသော သတိပြုဖွယ်သင်ခန်းစာပင်ဖြစ်သည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသော နှစ်သစ်ပွဲတော်များ ရှိသကဲ့သို့ မြန်မာတို့၏အတာသင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်ကို လူသစ်၊ စိတ်သစ်ဖြင့် ကူးပြောင်းပျော်ရွှင်ကြပေသည်။

သာသနာ၀င်ကျမ်းတို့၌ အတာကူးသောတန်ခူးလအခါတွင် ကပိလဝတ်ပြည်၌ နေထိုင်ကြကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ဒေဝဒဟရေကန်မှာ သိမ်မွေ့စွာရေပက်ဖျန်းကစားကြခြင်း အစဉ်အလာရှိခဲ့သည်။ မေတ္တာအရင်းခံလျက် သန့်စင်စွာရေကစားခြင်းမှာ အံ့သြဖွယ်ရာကောင်းလျက် ထူးခြားလှသည်။ အမှတ်တရမှတ်တမ်းဖြစ်စေတော့၏။

တချို့ရပ်ရွာများတွင် နှစ်ဦးအစဖြစ်သော မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာရှိအောင်ကျင်းပခြင်း ပြုလုပ်ကြသည်။ အန္တရာယ်ကင်းစေရန် ပရိတ်တရားတော်များ နာယူခြင်းဖြင့် အနိဋ္ဌာရုံတွေ ပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့် ပြည့်စုံရ၏။ ဘေးဥပဒ်အန္တရာယ်ကင်းပကြစေရန် ဆုတောင်းလျက် အရှက်နှင့်အကြောက်တည်းဟူသော လောကပါလတရားနှစ်ပါးကို စောင့်ထိန်းကြရပေမည်။

(၁) **သတ္တဝါများကိုချစ်ခင်၍ ဘေးရန်ဆင်းရဲကင်းစေလိုခြင်းဟူသော မေတ္တာ**

(၂) **ဆင်းရဲသည့် သတ္တဝါများကို သနားကြင်နာ၍ ဆင်းရဲခြင်းမှ ကင်းလွတ်စေလိုခြင်းဟူသော ကရုဏာ**

(၃) **စည်းစိမ်ပြည့်စုံသူများကိုမြင်လျှင် ဝမ်းမြောက်၍ စည်းစိမ် မဆုတ်ယုတ်စေလိုခြင်း ဟူသော မုဒိတာ**

(၄) **သတ္တဝါတို့သည် ကံအတိုင်းဖြစ်ကြ၏ဟု ဆင်ခြင်၍ မုန်းစိတ်မပြုဘဲ တည့်မတ်စွာရှုမြင်ခြင်းဟူသော ဥပေက္ခာ**

စသည့် ဗြဟ္မစိုရ်တရားလေးပါးတို့ကို နှစ်ဆန်းအခါသမယမှစကာ ထွန်းကားပြန့်ပွားစေအောင် ဆောင်ရွက်ကြရမည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့် ရေပက်ဖျန်းခြင်းသည် လေးနက်မွန်မြတ်သော အဓိပ္ပာယ်ရှိ၏။ ရေသည် မေတ္တာဓာတ်ကို တင်စား၏။ ရေကစားကြသည်မှာ "ရေလိုအေး၍ ပန်းလိုလန်းပါစေ"ဟူသော မေတ္တာဓာတ်ဖြင့် ကစားခြင်းဖြစ်၏။ ဤအနက်အဓိပ္ပာယ်ကို ဝိသေသထူးစေခြင်းငှာ "တောင်လေသုတ်ဖြူး၊ လတန်ခူးမူ၊ မြူးတူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လရွှတည့်၊ ငြိမ့်မျှစောင်းခြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ ဓမ္မာကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှ၊ လည်လှည့်ဆူလှယ်၊ တင်စမွှာယ်လျက်၊ ပြုံးရယ်ရွှင်အေး၊ စံပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး" ဟူ၍ ဆီသည်ရွာစားဦးအောင်ကြီးက အင်းဝမြို့ဘွဲ့လူးတားတွင် အတာမြင်ကွင်းကို ပုံရိပ်ဖော်ခဲ့၏။ အမွှေးအကြိုင်တို့ကို ဖလားတွင်ထည့်၍ ထုံသင်းနံ့သာဖြင့် ပြုံးရယ်ရွှင်အေးစွာ ရေကစားကြပုံကို ဖွဲ့ဆိုထား၏။

ဤကဲ့သို့ ရေကစားခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ သင်္ကြန်တွင်ပျော်ရွှင်ခြင်းသည် ထူးခြားသော အမျိုးသားပွဲတော်ကြီးအဖြစ် ဂုဏ်ယူကြရဖွယ်ဖြစ်သည်။ ထိုယဉ်ကျေးမှုအစဉ်အလာကိုလည်း မပျောက်မပျက်အောင် ဆက်လက်ထိန်းသိမ်းကြရပေမည်။ ။

> ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းမှာပင် နှစ်သစ်ကူးပွဲတော်များ ခမ်းခမ်းနားနားကျင်းပသော ဓလေ့ထုံးစံများရှိသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကို အမြတ်တနိုးကျင်းပကြသည်။ နှစ်သစ်ကိုကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်သစ်ကူးအခါသဘင်ကို "သင်္ကြန်" ဟု ခေါ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းအလိုက် ဆွေးနွေးအတည်ပြု

**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်(၈)ဦး ထပ်မံခန့်အပ်တာဝန်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နောက်ဆက်တွဲ-၁(က)ပါ လုပ်ငန်းစဉ်တွင် ထည့်သွင်းရန် ကျန်ရှိသည့် လွှတ်တော်ကတိကဝတ်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လွှတ်တော်ကတိကဝတ်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလတင်ပြစဉ်က ကျန်ရှိနေသည့် ကတိကဝတ်များထဲတွင် ပြည်သူများလတ်တလော အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းနှင့် နှစ်ချင်းပြီး ဆောင်ရွက်နိုင်မည့်လုပ်ငန်းတို့အပေါ် အခြေခံ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီတို့ ညှိနှိုင်းစိစစ်၍ ဆောင်ရွက်ရမည့်ကတိကဝတ် (၃၄၆)ခုကို နောက်ဆက်တွဲ-၁(က)၌ စုစုပေါင်းဝန်ကြီးဌာန(၈)ခုရှိပြီး ဘဏ္ဍာငွေဖြည့်စွက်ရန်ပုံငွေတောင်းခံချိန်တွင် ဦးစားပေးထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က တင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ပထမနေ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က တင်သွင်းခဲ့ပြီး ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီက အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်(၂၉)ဦးက မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ၂၀၁၅ ခုနှစ် မတ်လ ၅ ရက်နှင့် ၆ ရက်တို့တွင် ပြန်လည်ရှင်းလင်းတင်ပြခဲ့ပြီး မတ်လ ၉ ရက်တွင် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းအလိုက် လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ သာမန်အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေနှင့် ဒေါက်တာမြတ်ညဏစိုးတို့က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက် နှစ်အလိုက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၀**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **ချောက်မြို့နယ်အပါအဝင် မိုးနည်းရေရှားဒေသများ၌ သောက်သုံးရေရှားပါးမှုအခက်အခဲကို အထူးစီမံချက်တစ်ရပ်ချမှတ်ဖြေရှင်းပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများ



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်။



ပလက်ဝ မဲဆန္ဒနယ်မှ ဦးပိုက်လင်း။

အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်များဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အထူးစီမံချက်တစ်ရပ်ရေးဆွဲ၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အပူပိုင်း မိုးနည်းရပ်ဝန်းဒေသ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက် ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိရေးဆွဲထားရှိ၍ နှစ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **သိပ္ပံတွဲဖြင့် (၁၀)တန်းအောင်သူကျောင်းသား ကျောင်းသူများသည် သိပ္ပံလက်တွေ့သင်တန်းကို အပတ်စဉ် စနေ/ တနင်္ဂနွေနေ့များအစား တစ်ပတ်နှစ်ပတ် ဆက်တိုက် သင်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဝေးသင်သင်ကြားရေးတွင် အနီးကပ်သင်တန်းများသင်ကြားပို့ချခြင်း၊ သိပ္ပံလက်တွေ့သင်တန်းများသင်ကြားပို့ချပေးခြင်း၊ စာမေးပွဲများ စစ်ဆေးခြင်းလုပ်ငန်းများကို ပုံမှန်တက္ကသိုလ်များ၏ စာသင်ခန်းများကိုအသုံးပြု၍ အဆိုပါတက္ကသိုလ်များမှ ဆရာ၊ ဆရာမများကသင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ ပုံမှန်သင်တန်းများ နားရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေများတွင် သိပ္ပံလက်တွေ့အခန်းများကိုအသုံးပြု၍ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း။

သိပ္ပံဘာသာရပ်များ၏ သဘောသဘာဝအရ သိပ္ပံလက်တွေ့ (Practical) မပြုလုပ်မီ စာတွေ့ (Theory) ကို ကြိုတင်သင်ကြားပေးရပါကြောင်း၊ ယခုလက်ရှိတွင် စာတွေ့သင်ပြီးမှ လက်တွေ့ကို (၂) ပတ်လျှင် တစ်ကြိမ်ပြုလုပ်စေခြင်းသည် သိပ္ပံ သင်တန်းသားများအတွက် ထိရောက်သောသင်ကြားပို့ချမှုဖြစ်ပါကြောင်း၊ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့အစားတစ်ပတ်၊ နှစ်ပတ်ဆက်တိုက် သင်ကြားပေးမည်ဆိုပါက စာတွေ့ကြိုတင်လေ့လာရမည့် အချိန်မရှိတော့သဖြင့် ထိရောက်သော သင်ကြားသင်ယူမှုလည်း မဟုတ်တော့ပါကြောင်းနှင့် သိပ္ပံလက်တွေ့သင်တန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များအစား တစ်ပတ်၊ နှစ်ပတ်ဆက်တိုက်သင်ကြားပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ၆၆ ကေဗွီ ဟားခါး-ဖလမ်း-သိုင်းငင် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၀**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း၏ **ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲ၊ SEA Games နှင့် မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲများအတွက် ကျင်းပလျက်ရှိသော ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ Boxing လက်ဝှေ့၊ မြန်မာ့ရိုးရာလက်ဝှေ့၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ ကြက်တောင်၊ တင်းနစ်၊ စားပွဲတင်တင်းနစ် စသည့် အားကစားနည်းများအား ဆုကြေးစနစ်အဖြစ် အမျိုးသား၊ အမျိုးသမီး (၂)မျိုးစလုံး ပါဝင်နိုင်မည့် Pro Sport System ကျင့်သုံးအကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာ့အားကစား အောင်မြင်မှုများရရှိရေးအတွက် ရေတိုရေရှည် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်လိုအပ်သည့်အတွက် **“Myanmar Sport Master Plan ”** ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် အားကစားလှုပ်ရှားမှုများကို အခြေခံအကျဆုံးမြို့နယ်များမှ စတင်၍ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် **“Township Sport Development Program”** ကိုလည်း တစ်ပြိုင်နက်တည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မေးခွန်းပါ အားကစားနည်း(၁၂)နည်းအနက်မှ ၂၀၀၉ ခုနှစ်တွင် ဘောလုံးအားကစားနည်းကို အပျော်တမ်းအဆင့်မှ ဆုကြေးစားစနစ်သို့ ပြောင်းလဲခဲ့သည့်အပြင် ဖူဆယ်နှင့် ရိုးရာလက်ဝှေ့အားကစားနည်းများကိုလည်း ဆုကြေးစားပြိုင်ပွဲစနစ် ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိသည့်အားကစားနည်းများကို သက်ဆိုင်ရာ အားကစား အဖွဲ့ချုပ်များအနေဖြင့် အပျော်တမ်းအဆင့်မှ ဆုကြေးစားစနစ်သို့ပြောင်းလဲကျင့်သုံးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း။

လျှပ်စစ်စွမ်းအားကဏ္ဍနှင့်ပတ်သက်သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ဖြေကြားခဲ့သည်။

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန်၏ **တီးတိန်မြို့တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ၆၆ ကေဗွီ ဟားခါး-ဖလမ်း-သိုင်းငင် ဓာတ်အားလိုင်းတည်ဆောက်ခြင်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဓာတ်အားလိုင်းမှ တစ်ဆင့် တီးတိန်မြို့အထိ သွယ်တန်းပါက ဓာတ်အားလိုင်းရှည်လျားပြီး ဗို့အားကျဆင်းမှုများ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်း၊ ဖလမ်းမြို့နှင့် ကလေးမြို့တို့တွင် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံမှာ ၂၀၁၆ ခုနှစ်အတွင်းပြီးစီးပါက တီးတိန်မြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးပို့သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပုလဲ(၃) ရပ်ကွက်တွင် လျှပ်စစ်အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေအရပ်ရပ်တို့ကြောင့် လျှပ်စစ် မီးတိုင်၊ မီးကြိုးနှင့် ဆက်စပ်ပစ္စည်းများ အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း (၃)နှစ်ခန့်ကြာကာလတိုင်အောင် ဆောင်ရွက်မပေးခဲ့ခြင်းကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပုလဲ(၃)ရပ်ကွက်အတွင်း ရှုပ်ထွေးဆားဗစ်ကြိုး ၁ ဒသမ ၀၅ မိုင်၊

စာမျက်နှာ ၈ သို့ »»

ပြည်တွင်းရေးရာ

# အမျိုးသားပညာရေးဥပဒေကြမ်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်   မတ်   ၃၀**

အမျိုးသားပညာရေးဥပဒေကြမ်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍ နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယနေ့အထိလည်း ယင်းဂယက်များရှိနေဆဲဖြစ်ပါကြောင်း၊ နေပြည်တော်နှင့် ရန်ကုန်၌ လေးပွင့်ဆိုင်ဆွေးနွေးပွဲဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာမှ အရှိန်မြင့်လာပြီး လက်ပံတန်းမြို့၌ နောက်ဆုံးအခြေအနေ ဖြစ်ပွားခဲ့ပါကြောင်း၊ အခြေအနေငြိမ်သက်သွားပြီဟု ပြော၍မရသေးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က အမျိုးသားပညာရေးဥပဒေကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသော ဥပဒေတစ်ရပ်ဖြစ်လာရန် စေတနာပါပါဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





# သတင်းမီဒီယာဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်   မတ်   ၃၀**

သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများမှ ရုံးအဖွဲ့မှူးများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် သတင်းထုတ်ပြန်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဌေးက သတင်းထုတ်ပြန်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများ၏ သတင်းမီဒီယာဆိုင်ရာ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

»» စာမျက်နှာ ၇မှ

၁၁/ (၀ ဒသမ ၄) ကေဗွီ ၃၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ ၁၁ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း ၀ ဒသမ ၅ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၀ ဒသမ ၂ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် ရန်ပုံငွေလျာထားခဲ့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေပေးနိုင်မှု အခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်း၊ ၁၉၈၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော်   မတ်   ၃၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင် ဦးဌေးမြင့် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့်ပါတီဝင် ၂၀၅ ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးလှထွန်းခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၃၇ ဦး၊ The Innovative အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ အုပ်ချုပ်သူများနှင့် သင်တန်းသား သင်တန်းသူ ၅၄ ဦးနှင့် ဒါန-ရွှေဆောင်မြန်မာမှ ဖွင့်လှစ်သင်ကြားသော တိုင်းရင်းသားခေါင်းဆောင်မှု စွမ်းရည်မြှင့်သင်တန်း (အပတ်စဉ်-၃)မှ အုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူ ၃၉ ဦး စုစုပေါင်း ၄၃၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။**(သတင်းစဉ်)**

# အုတ်တွင်းမြို့၌ ကျောက်ချောလမ်းဖွင့်

**အုတ်တွင်း   မတ်   ၃၀**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကွပ်ကဲမှုအောက်ရှိ အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်သည့် အနော်ရထာလမ်းကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းက အဆိုပါကျောက်ချောလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေ ဖြစ်ပြီး စည်ပင်ရန်ပုံငွေကျပ် ၅၆၀၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကရင်(ပြန်/ဆက်)**



# မြန်မာ-ထိုင်းချစ်ကြည်ရေး ဒေသထွက်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**မြဝတီ   မတ်   ၃၀**

မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်စေရန်၊ နှစ်နိုင်ငံဒေသထွက်ကုန်များ အပြန်အလှန် ရောင်းဝယ်ပြီး ကုန်ပစ္စည်းများဖလှယ်ရန်၊ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်စေရန်၊ ခရီးသွားလာမှုလုပ်ငန်း မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ မြန်မာ-ထိုင်းချစ်ကြည်ရေး ဒေသထွက်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အားကစားကွင်းအတွင်း၌ ယမန်နေ့ညနေ ၆ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ ဝန်ကြီးများရုံး လက်ထောက်ဝန်ကြီး ဒေါက်တာ ချိုင်းရားရင်းဝိလိုင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မြဝတီခရိုင်နှင့် ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်၊ ဥဒါန်းဌာနီခရိုင်နှင့် နကော့စဝန်ခရိုင်များမှ ဆိုင်ခန်းပေါင်း ၁၂၀ ကျော်ဖြင့် ဒေသတွင်းထွက်ကုန်ပစ္စည်းများအနက် လက်မှုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ၊ အလှကုန်ပစ္စည်းများ ပြသရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ချစ်ကြည်ရေးပဒေသာကပွဲများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

❖ ကျောဖုံးမှ

ဆွေးနွေးနိုင်ခဲ့သည်ဟု ယနေ့ဆွေးနွေးပွဲအပြီးတွင် NCCT အဖွဲ့မှ ဦးနိုင်ဟံသာ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် MPC မှ ဦးလှမောင်ရွှေတို့ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယနေ့ သဘောတူညီနိုင်ခဲ့သည့် NCAစာချုပ်နောက်ဆုံးမူကြမ်းပါ အချက်များအားလုံးကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် NCCT နှင့် UPWC တို့မှ ပြန်လည်သုံးသပ်မှုပြုလုပ်ပြီးနောက် နှစ်ဖက်ကိုယ်စားလှယ်များမှ ပဏာမသဘောတူညီမှုအဖြစ် လက်မှတ်ရေးထိုးတော့မည်ဖြစ်သည်။

MPC ၏ နည်းပညာဆိုင်ရာ အထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေက "(၇) ကြိမ်မြောက် ဆွေးနွေးပွဲ (၇)ရက်မြောက်နေ့မှာ ကျန်ခဲ့တဲ့ အချက်အားလုံးကို သဘောတူတာဖြစ်တဲ့ NCA စာချုပ်ကြီးကို သဘောတူညီခဲ့ပြီးဖြစ်တာကို တင်ပြလိုပါတယ်။ ဒီနေ့ ဆွေးနွေးပြီး သဘောတူတာတွေကို မနက်ဖြန်မနက် ၁၀ နာရီမှာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ပြန်တွေ့ပါမယ်။ မနက်ဖြန်မှာ ကျွန်တော်တို့ ခေါင်းဆောင်တွေအဆင့်မှာ ပဏာမသဘောတူညီချက်ကို UPWC နှင့် NCCT အဆင့်မှာ ပဏာမသဘောတူညီထားကြောင်းကို လက်မှတ်ရေးထိုးပါမယ်။ ပြီးရင် တစ်ဖက်ခေါင်းဆောင် သုံးဦးစီပါဝင်တဲ့ ခြောက်ဦးက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပါမယ်"ဟု ပြောသည်။

NCA စာချုပ် နောက်ဆုံးမူကြမ်း၏ သဘောတူညီချက်များအား NCCT ဘက်မှ တိုင်းရင်းသားအဖွဲ့ပေါင်းစုံ၏ ထိပ်သီးညီလာခံတွင် ပြန်လည်တင်ပြရန်ကျန်ရှိနေပြီး UPWC ဘက်တွင်မူ အစိုးရဘက်မှ အတည်ပြုထားပြီဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC ) သို့ သတင်းပို့ရန်သာ ကျန်ရှိတော့ကြောင်း UPWC မှ သိရသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ရေးနှင့် စပ်လျဉ်းပြီး NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက "NCCT အဆင့်နဲ့ အဆုံးအဖြတ်ပေးလို့ မရသေးဘူး။ ကျွန်တော်တို့က အဖွဲ့ပေါင်းစုံရဲ့ ထိပ်သီးခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး အစည်းအဝေးလုပ်ရမယ်။ အဲဒီမှာ တင်ပြရမယ်။ သူတို့ကနေပြီးမှ အဆုံးအဖြတ်ပေးရမယ်။ သူတို့ပြင်ချင်တာ၊ ဖြည့်စွက်ချင်တာ ရှိကောင်းရှိနိုင်မယ်။ သူတို့ရဲ့ အတည်ပြုမှုကိုရပြီးတော့မှ တရားဝင်သူတို့ကိုယ်တိုင် လက်မှတ်ထိုးဖို့ ဖြစ်ပါတယ်"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယနေ့ပြုလုပ်ခဲ့သော အစည်းအဝေးသို့ နိုင်ငံတကာမှလေ့လာသူကိုယ်စားလှယ်များအဖြစ် ကုလသမဂ္ဂနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်ဟု သိရသည်။ **(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံမှဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံ KEIO Corporation ၏ Managing Director Mr. Mamoru Yamamoto ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အဖွဲ့ဝင် ဦးနေဝင်းထွန်း၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အဖွဲ့ဝင် ဦးဝင်းမောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မအူပင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများ ကျင်းပ



**နေပြည်တော် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ခနောင်ထော်ကျေးရွာအုပ်စုနှင့် ထန်းပင်ကွေ့အရှေ့ကျေးရွာအုပ်စုများရှိ ခနောင်ထော်ကျေးရွာ၊ ပံတပွတ်အရှေ့ကျေးရွာ၊ မရမ်းအရှေ့ကျေးရွာ၊ ထန်းပင်ကွေ့အရှေ့ကျေးရွာနှင့် သံဖြူစုကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားများကို မတ် ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ၁၆၀ ကေဗွီအေ ထရန်စဖော်မာမှ ခနောင်ထော်ကျေးရွာ၊ ပံတပွတ်အရှေ့ကျေးရွာ၊ မရမ်းအရှေ့ကျေးရွာ၊ ထန်းပင်ကွေ့ အရှေ့ကျေးရွာနှင့် သံဖြူစုကျေးရွာများအတွင်း နေအိမ်များသို့ သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အား လိုင်းများအား စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ထန်းပင်ကွေ့အရှေ့ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်း၌ ပြုလုပ်သော ခနောင်ထော်ကျေးရွာ၊ ပံတပွတ်အရှေ့ကျေးရွာ၊ မရမ်းအရှေ့ကျေးရွာ၊ ထန်းပင်ကွေ့အရှေ့ကျေးရွာနှင့် သံဖြူစုကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့သည့် လျှပ်စစ်မီးလင်းရေးဆိုင်ရာ စာရွက်စာတမ်းလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ယနေ့လျှပ်စစ်မီးဖွင့်လှစ်ပေးခဲ့သည့် ကျေးရွာအုပ်စုများမှ ပြည်သူများအနေဖြင့် လျှပ်စစ်မီးရရှိရေးကို နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရကြောင်း၊ ယနေ့မှစ၍ လျှပ်စစ်မီးကို အသုံးပြုနိုင်ပြီဖြစ်၍ ယခုရရှိသည့် လျှပ်စစ်မီးကို အကျိုးရှိစွာအသုံးပြု၍ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်သွားကြရန်၊ တစ်ဦးချင်းစီးပွားရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်၊ ဒေသနေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ညွှန်ကြားချက်များကို လိုက်နာကြရန်နှင့် သုံးခွက္ကျွန်းဒေသ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ယခုဆောက်လုပ်လျက်ရှိသည့် ပံတပွတ်တံတားကြီး ပြီးစီးသွားပါက သုံးခွက္ကျွန်းဒေသကြီးတစ်ခုလုံး မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ပေးထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ရှင်းလင်းမှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ခနောင်ထော်ကျေးရွာ၊ ပံတပွတ်အရှေ့ကျေးရွာ၊ မရမ်းအရှေ့ကျေးရွာ၊ ထန်းပင်ကွေ့ အရှေ့ကျေးရွာနှင့် သံဖြူစုကျေးရွာများ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး အတွက် ၁၁ ကေဗွီအေလိုင်း( ၄ ဒသမ ၆ မိုင်)၊ သုည ဒသမ ၄ ကေဗွီလိုင်း(၈ ဒသမ ၆၃ မိုင်)၊ ၁၆၀ ကေဗွီအေထရန်စဖော်မာ ငါးလုံးတို့တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၅၀၀ ခန့်အား လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိပြီးဖြစ်သည့် အိမ်ထောင်စုများကဲ့သို့ ကျန်ရှိနေသေးသည့် အိမ်ထောင်စုများကလည်း လျှပ်စစ်မီးသွယ်တန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၇)**

❍ အာရှမှ

မတ် ၂၉ ရက် ပွဲစဉ်များအပြီးအထိ အုပ်စုကိုးခုတွင် ဒုတိယနေရာ ရရှိထားသော အသင်းကိုးသင်းအနက် အင်ဒိုနီးရှား၊ ယီမင်၊ ဥဇဘက်ကစ္စတန်၊ မြန်မာအသင်းတို့က ခြောက်မှတ်စီ၊ လာအို၊ အိုမန်နှင့်ဆော်ဒီအသင်းတို့က လေးမှတ်စီ၊ ဗီယက်နမ်အသင်းက သုံးမှတ်တို့ရရှိထားသည်။ ခြောက်မှတ်စီရရှိထားသည့် အသင်းငါးသင်း၏ ဂိုးကွာခြားချက်တွင် အင်ဒိုနီးရှားအသင်းက (+၇)၊ ယီမင်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့က (+၆)၊ ထိုင်းအသင်းက (+၅)နှင့် မြန်မာအသင်းက (+၄)တို့ရရှိထားသည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းအနေဖြင့် ယနေ့ယှဉ်ပြိုင်ရမည့်ပွဲတွင် သရေတစ်မှတ်ရရှိမှ ခြေစစ်ပွဲအောင်ရန် သေချာမည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက ဂိုးပြတ်မရှုံးမှ ခြေစစ်ပွဲအောင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

အုပ်စုကိုးခုမှာ မတ် ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး အုပ်စုတစ်ခုမှာကစားရန် ကျန်ရှိနေသေးသောကြောင့် အကောင်းဆုံးအုပ်စုဒုတိယနေရာအတွက် ငါးသင်းစလုံးထွက်ပေါ်နိုင်မည်မဟုတ်ပေ။ ဒုတိယနေရာရအသင်းများအား သတ်မှတ်ရာတွင် ထိပ်ဆုံးလေးသင်းသာ ခြေစစ်ပွဲအောင်မည်ဖြစ်ပြီး အဆင့်(၅)အဆင့်မှာမူ အုပ်စု(စ)၏ ဒုတိယနေရာရအသင်း၏ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ အကောင်းဆုံးအုပ်စုဒုတိယနေရာအတွက် ရမှတ်ဂိုးကွာခြားချက်၊ သွင်းဂိုး၊ နိုင်ပွဲအရေအတွက်၊ အဝါ/အနီ ပြသခံရမှု၊ မဲနှိုက်ခြင်းတို့ကို အစဉ်လိုက် ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ကစားရမည့် ဩစတြေးလျအသင်းမှာ ဟောင်ကောင်အသင်းကို ခြောက်ဂိုးပြတ်၊ တရုတ်(တိုင်ပေ) အသင်းကို လေးဂိုးပြတ် အနိုင်ရထားသည်။ မြန်မာအသင်းတွင် အမာခံကစားသမားအချို့ ပွဲပယ်နှင့် ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်မည်မဟုတ်သော်လည်း ခြေစစ်ပွဲအောင်မြင်ရေး အစွမ်းကုန်ပြင်ဆင်လျက်ရှိသည်။

**(ရှိုင်းထက်ဇော်)**

# ခန္တီးမြို့နယ် အောင်မြေ၌ သမဝါယမအသင်းဖွဲ့စည်း

**ခန္တီး မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် အောင်မြေကျေးရွာအုပ်စု အောင်မြေကျေးရွာသို့ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးထွန်းနှင့် မြို့နယ်သမဝါယမအသင်းစု၊ အမှုဆောင် ဦးကျော်သိန်းတို့သွားရောက်ပြီး ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ သမဝါယမဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးကြရာတွင် မြို့နယ်ဦးစီးအရာရှိက သမဝါယမစနစ်၏ အနှစ်သာရသဘောတရားမူဝါဒများ၊ အသေးစားအရင်းအနှီးချေးငွေဆိုင်ရာများ၊ အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး/လုပ်ငန်းသုံးပစ္စည်းပံ့ပိုးခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး သမဝါယမဝန်ကြီးဌာန၏ လွှတ်တော်တွင် ဆွေးနွေးမှုများ၊ သမဝါယမကဏ္ဍကြိုးပမ်းမှု ရုပ်/သံဖိုင်များကိုလည်း ပြသခဲ့ကြောင်း၊ မြို့နယ်အသင်းစုအမှုဆောင်ကလည်း အခြားကျေးရွာများမှ အသင်းသားပြည်သူများ အသေးစားအရင်းအနှီးချေးငွေရရှိမှုကြောင့် လူမှုစီးပွားအဆင်ပြေနေမှုများနှင့် ထပ်မံတိုးမြှင့်ထုတ်ချေးရန် တင်ပြထားမှုတို့ကို ဆွေးနွေးခဲ့ကြရာ ချေးငွေလုပ်ငန်း၏အစု၊ စုဆောင်း၊ အတိုးရငွေအကျိုးအမြတ်ကြောင့် မိမိအသင်းပိုင်ငွေများပြားတိုးပွားလာပြီး မိမိအသင်းပိုင်ငွေဖြင့်မိမိရပ်တည်လာနိုင်မည့်အခြေအနေကို သဘောပေါက်သိရှိကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက သမဝါယမအသင်းဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**(ဖိုးပုလဲလေး)**

# အချိန်အခါမဟုတ် လေပြင်းတိုက်ခတ်သဖြင့် ကျောင်း၊ ဆေးပေးခန်းနှင့် လူနေအိမ်အမိုးများပျက်စီး

**ကြံခင်း မတ် ၃၀** ။ ။ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေလယ်ကျွန်းအုပ်စု အထက်ကုန်းကျေးရွာတွင် မတ် ၂၅ ရက် ည ၈ နာရီခွဲခန့်က အချိန်အခါမဟုတ် လေပြင်းတိုက်ခတ်သဖြင့် အခြေခံပညာမူလတန်းကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အအုံသွပ်မိုးလန်၍ ခေါင်မိုးပျက်စီးသွားပြီး လူနေအိမ် ခုနစ်လုံး ပျက်စီးရာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကို ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ကျေးရွာပြည်သူနှင့်ပူးပေါင်း၍ အပျက်အစီးများကို ရှင်းလင်းပြီး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ၆၆၀၀၀၀ ခန့်ရှိပြီး လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**မသူ(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# ဓမ္မာစရိယစာမေးပွဲ ပဋ္ဌမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ပဋ္ဌမနေ့ ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၄၁၇၀ ပါးအနက် ၈၈၃၆ ပါးဖြေဆိုကြသဖြင့် ၆၂ ဒသမ ၃၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကိုးကန့်ဒေသပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်

**နေပြည်တော် မတ် ၃၀**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှုအထောက်အကူပြုကော်မတီသို့ တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြပြီး ချယ်ရီမေတ္တာဖောင်ဒေးရှင်း (မန္တလေး)မှ လှူဒါန်းငွေကျပ်သိန်း ၁၅၀ နှင့် မန္တလေးမြို့နေ ဦးဝင်းထိုက်-ဒေါ်ကြည်ကြည်ခိုင်မိသားစုမှ လှူဒါန်းငွေကျပ် သိန်း ၁၀၀ တို့ကို ကော်မတီအတွင်းရေးမှူး ဦးဘုန်းဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု ဒုတိယအသုတ်ရွေးချယ်ခံရသူများနှင့် တတိယအသုတ်ရွေးချယ်ခံရသူများ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်နှင့်နေရာစာရင်း**

| စဉ် | ဘာသာရပ်နယ်ပယ် | နေ့ရက် | အချိန် | ကာလ | နေရာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဆေးပညာ | ၁-၄-၁၅ မှ ၂-၄-၁၅ထိ | ၉း၀၀ နာရီ | ၂ရက် | ဆေးပညာသင်ကြားရေးဗဟိုဌာန၊ လေးထပ်ဆောင်၊ လမ်းမတော်၊ ရန်ကုန် | အဖွဲ့ ငါးဖွဲ့ |
| ၂ | အင်ဂျင်နီယာ | ၅-၄-၁၅ မှ ၉-၄-၁၅ထိ | ၉း၀၀နာရီ | ၅ရက် | ပင်မဆောင်(၁)၊ အစည်းအဝေးခန်းမ၊ ရန်ကုန်နည်းပညာတက္ကသိုလ် | |
| ၃ | ကွန်ပျူတာပညာ | ၁-၄-၁၅ မှ ၃-၄-၁၅ထိ | ၉း၀၀ နာရီ | ၃ရက် | အခန်း (၂၀၂) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၄ | မွေးမြူရေးနှင့် ဆေးကုသရေး | ၁-၄-၁၅ | ၁၀း၀၀ နာရီ | ၁ရက် | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | |
| ၅ | စိုက်ပျိုးရေး | ၁-၄-၁၅ | ၉း၀၀နာရီ | ၁ ရက် | အစည်းအဝေးခန်းမ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် | |
| ၆ | သစ်တော | ၇-၄-၁၅ | ၁၀း၀၀ နာရီ | ၁ရက် | သစ်တောတက္ကသိုလ်၊ နေပြည်တော်၊ ရေဆင်း | |
| ၇ | စီးပွားရေး | ၂-၄-၁၅ မှ ၃-၄-၁၅ထိ | ၁၀း၀၀ နာရီ | ၂ရက် | အခန်း(၇) ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ကမာရွတ် | |
| ၈ | ပညာရေး | ၂-၄-၁၅ မှ ၄-၄-၁၅ထိ | ၉း၃၀ နာရီ | ၃ရက် | Learning Hub အပေါ်ထပ် ရန်ကုန်ပညာရေးတက္ကသိုလ် | |
| ၉ | ဝိဇ္ဇာဘာသာရပ် | ၁-၄-၁၅ | ၁၀း၀၀ နာရီ | ၁ရက် | ပြခန်း၊ တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၀ | သိပ္ပံဘာသာရပ် | ၁-၄-၁၅ မှ ၃-၄-၁၅ထိ | ၁၀း၀၀ နာရီ | ၃ရက် | အခန်းအမှတ် (၂၀၆) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၁ | အင်္ဂလိပ်စာနှင့် ဘာသာစကား | ၁-၄-၁၅ မှ ၃-၄-၁၅ထိ | ၉း၀၀ နာရီ | ၃ရက် | မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင်ရုံးခန်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်မြို့ | |
| ၁၂ | သတင်းအတတ်ပညာ | ၁-၄-၂၀၁၅ | ၁၀း၀၀ နာရီ | ၁ရက် | အခန်းအမှတ် (၂၀၇) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၃ | ဥပဒေ | ၄-၄-၁၅ | ၁၀း၀၀ နာရီ | ၁ရက် | အခန်း (၂၀၂) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၄ | ဟိုတယ်နှင့် ခရီးသွား | ၂-၄-၁၅ | ၁၄း၀၀ နာရီ | ၁ရက် | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော် | |
| ၁၅ | ရေကြောင်း | ၇-၄-၁၅ | ၁၀း၃၀ နာရီ | ၁ရက် | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | |

# ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်

**ရန်ကုန် မတ် ၃၀**

လက်ရှိ ပြည်တွင်းစက်သုံးဆီတင်သွင်းဖြန့်ဖြူးမှုလုပ်ငန်းအချို့သည် စက်သုံးဆီရောင်းချရာတွင် အရည်အသွေးနှင့် အခြင်အတွယ် မပြည့်မီမှုများရှိနေသည်ဟု သုံးစွဲသူများ၏ ဝေဖန်မှုများရှိနေပြီး စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ Mobile Fuel Lab(MFL) မော်တော်ယာဉ်များသုံး၍ ရှောင်တခင်စစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ သတင်းမီဒီယာသမားများကို ဖိတ်ခေါ်အတူလိုက်ပါစေပြီး ဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ တရားဝင်ဖွင့်လှစ်ခွင့်ပြုထားသည့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၁၄၆၉ ဆိုင်နှင့် သိုလှောင်ကန်စခန်း ခြောက်ခုရှိသည့်အနက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းမှ စုစုပေါင်းအရောင်းဆိုင် ၄၇ ဆိုင်နှင့် သိုလှောင်ကန်စခန်း သုံးခုကိုသာလျှင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက Mobile Fuel Lab (MFL) မော်တော်ယာဉ်များသုံး၍ စက်သုံးဆီ အရည်အသွေးရှောင်တခင်စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ခဲ့သေးကြောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများအပါအဝင် တစ်ပြည်လုံးရှိ အရောင်းဆိုင်များ၊ သိုလှောင်ကန်စခန်းများ၊ ကုန်းလမ်း၊ ရေလမ်းမှ စက်သုံးဆီသယ်ယူပို့ဆောင်မှုများကိုပါ တိုးမြှင့်၍ အရည်အသွေးစစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။

မကြာမီအချိန်တွင် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ စိစစ်ရွေးချယ်တင်ပြမည့် နိုင်ငံတကာ စံအသိအမှတ်ပြုလက်မှတ် (ISO) ရရှိထားသော နိုင်ငံခြားဓာတ်ခွဲခန်းကုမ္ပဏီ၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့ အကျိုးတူပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ (Joint Venture) ဓာတ်ခွဲခန်းတစ်ခုကို အမြန်ဆုံးဆောင်ရွက်သွားတော့မည်ဖြစ်ရာ စက်သုံးဆီ၊ စက်ဆီချောဆီများနှင့် ပတ်သက်၍ ISO အသိအမှတ်ပြုဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(တင်နိုင်စိုး)**




# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွန်ကရစ်တိုင်များအစားထိုး

**အင်းမ မတ် ၃၀**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း အင်းမမြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အင်းမမြို့ လျှပ်စစ်ရုံးမှ မြို့နယ်လျှပ်စစ်မှူး ဦးဇော်ဇော်မင်းနှင့် လိုင်းဝန်ထမ်းများက မတ် ၂၆ ရက်တွင် ကြို့ကုန်းရွာရှိ ဆွေးမြည့်သစ်သားတိုင် ၂၇ တိုင်ကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ပေးခဲ့ကြောင်း သိရသည်။ **(၁၄၃)**

# မြန်မာ့မီးရထား၏ ပြည်သူ့အကျိုး ကြိုးပမ်းဆောင်ရွက်ချက်များ

**နေပြည်တော် မတ် ၃၀**

မြန်မာ့မီးရထားက ပြည်သူများ၏ အခက်အခဲနှင့် တင်ပြချက်များကို လိုက်လံဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ထိုသို့ ဖြေရှင်းဆောင်ရွက်ရာတွင် အမှတ် (၁၄၇) အဆန်ရထားရှိ ခရီးသည်တွဲမှ ရေတိုင်ကီရေယိုစိမ့်နေမှုကို ပြင်ဆင်ပေးခြင်း၊ အိမ်သာများသန့်ရှင်းမှုရှိစေရေးအတွက် ခရီးစဘူတာများဖြစ်ကြသော ရန်ကုန်နှင့်မန္တလေးတို့တွင် High Pressure Pump များ အသုံးပြု၍ ဆေးကြောပေးခြင်း၊ တစ်ပတ်တစ်ကြိမ် ကြွေကြေးချွတ်ဆေးအသုံးပြုသန့်ရှင်းပေးခြင်း၊ Pine Con; အနံ့ပျောက်ဆေးပက်ဖျန်းပေးခြင်း၊ အနံ့အသက်ပျောက်ပရုတ်တပ်ဆင်ချိတ်ဆွဲပေးခြင်း၊ တောင်ငူဘူတာ၌ ရထားရပ်နားစဉ်တွင် Mobile High Pressure Pump ကိုအသုံးပြု၍ ဆေးကြောပေးခြင်းများပြုလုပ်ပေးလျက်ရှိသည်။

ထို့အပြင် ရိုးရိုးတန်းထိုင်ခုံများ ကြမ်းပိုးမကိုက်စေရန်နှင့် အမှတ် (၉) အဆန်ရထားတွင် ရထားတွဲထိုင်ခုံများညံ့ဖျင်းခြင်းအတွက် ပြုပြင်ပေးပါရန် အကြံပြုတင်ပြခြင်းအတွက် ရိုးရိုးတန်းတွဲထိုင်ခုံများကို Plastic Wood ထိုင်ခုံများဖြင့် လဲလှယ်ပေးခြင်း၊ Fiber ထိုင်ခုံများဖြင့် အစားထိုးလဲလှယ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လဲလှယ်နိုင်ခြင်းမရှိသည့် သစ်သားထိုင်ခုံများကို နေ့စဉ်စစ်ဆေးပြုပြင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်ငူဘူတာတွင် ရထားစီးခရီးသည်များ၏ အကြံပြုတင်ပြချက်များအရ ရန်ကုန်-မန္တလေးရထားလမ်းမကြီးတစ်လျှောက်နှင့် တိုင်း(၄)ကလောလမ်းနယ်များတွင် ရထားခုန်၊ ဆောင့်၊ လူးများ ဖြစ်ပေါ်နေသော နေရာများတွင် မြန်မာ့မီးရထားက နေ့စဉ် ကွေ့များပြုပြင်ခြင်း၊ L-Xing အဝင်/အထွက် ပက်ကင်ရိုက်ပြုပြင်ခြင်း၊ အဆက်နိမ့်များပြုပြင်ခြင်း၊ ရေချိန်ညှိပက်ကင်ရိုက်ခြင်း၊ အဆက်ပက်ကြားပြုပြင်ခြင်းများဆောင်ရွက်၍ လမ်းများတောင့်တင်းခိုင်မာအောင် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရင်း အသက်စွန့်သွားသူ မွန်မြတ်နှလုံးသားပိုင်ရှင် ကြက်ခြေနီတပ်ဖွဲ့ဝင်

ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းနှင့် နာရေးကူညီမှုအသင်းတို့တွင် တက်ကြွစွာ ဦးဆောင်ပါဝင်ပြီး အတ္တမဖက် ပရဟိတသက်သက် ဆောင်ရွက်ရသည့်ဘဝကို သူအတော်ကျေနပ်ပီတိဖြစ်နေမိ၏။

တပ်မတော်သားဘဝတွင် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ပြီး မဲသဝေါ တိုက်ပွဲတွင် ခြေထောက်နှင့် တင်ပါး ဒဏ်ရာရရှိခဲ့၍ တပ်မတော်မှ အငြိမ်းစားယူခဲ့သူ။



လူမှုရေးလုပ်ငန်းများဖြစ်သည့် သွေးလှူဒါန်းခြင်း၊ သွေးလှူရှင်ရှာဖွေပေးခြင်း၊ ဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် မြို့သူမြို့သားများနှင့် ဆက်ဆံရေး အထူးကောင်းမွန်ခဲ့သူ။ သူကား ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယအရာခံဗိုလ်အဆင့်ရှိသူ ဦးမိုးကျော်သန်း ဖြစ်သည်။

“သူက ပရဟိတလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အလွန်ကြိုးစားတယ်။ မနက်ဆို အစောကြီးရောက်လာပြီး ညမိုးချုပ်မှ ပြန်လေ့ရှိတယ်။ စိတ်မဆိုးတတ်ဘူး။ အများနဲ့ ကတောက်ကဆတ် ဖြစ်ရင်တောင်မှ ခဏရှောင်ထွက်သွားပြီး စိတ်ပြေမှ ပြန်လာလေ့ရှိတယ်။

သူနဲ့ပတ်သက်ပြီး မှတ်မှတ်သားသားဖြစ်မိတာက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလလောက်က သူနဲ့ကျွန်တော် ရုံးမှာ ညဘက်အတူတူရှိနေကြတယ်။ အခြားသူတွေက အိပ်ပျော်နေကြတယ်။ ကွမ်းလုံမှာ လက်နက်ကိုင်တွေ အသွားအလာရှိတယ်။ အဲဒီအချိန်မှာ သူပြောတဲ့ စကားတစ်ခွန်းကို ကျွန်တော်အခုထိ မမေ့ဘူး။ သူက အခုအချိန်သာ တစ်ခုခုဖြစ်မယ်ဆိုရင် ကလေးတွေ (အခြားရုံးဝန်ထမ်းတွေ) အိပ်နေတဲ့အတွက် ငါတို့ ပြေးနိုင်မှာ မဟုတ်ဘူး။ သူတို့ကို ဒီအတိုင်း မထားခဲ့နိုင်ဘူးလို့ ပြောတယ်ဗျာ။ ရဲဘော်ရဲဘက်စိတ် အပြည့်ရှိတဲ့ သူ့စိတ်ကလေးကို ကျွန်တော် ခန့်မှန်းမိခဲ့တယ်”ဟု သူနှင့်အနှစ် ၂၀ နီးပါး ရင်းနှီးခင်မင်ခဲ့သူ ကိုစိုးနိုင်မြင့်က ပြောသည်။

၁၉၇၀ ခုနှစ် မတ် ၁၉ ရက်တွင် အဘ (ဦးအောင်ကြိုင်)၊ အမိ ဒေါ်သောင်းခင် (မူအုပ်/ငြိမ်း)တို့က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် မွေးဖွားခဲ့ခြင်းဖြစ်သော်လည်း ပဝတ္တိအရပ် ကွမ်းလုံမြို့သို့ လသားအရွယ်ကတည်းက ရောက်ရှိခဲ့သူ။ သူရောက်ရှိချိန်တွင် တပ်မတော်သမိုင်း၌ မော်ကွန်းတင်ခဲ့ရသည့် ကွမ်းလုံရက်(၄၀) တိုက်ပွဲကြီးကား အရှိန်ကောင်းနေဆဲ။

ကွမ်းလုံမြို့နှင့် ဦးမိုးကျော်သန်းကား ခွဲခြား၍ မရစကောင်း။ တပ်မတော်မှ အငြိမ်းစားယူပြီးနောက် ၂၀၀၀ ပြည့်နှစ်တွင် ကွမ်းလုံမြို့သူ ကချင်တိုင်းရင်းသူ မဂျူးညွှယ်နှင့် အိမ်ထောင်ပြုခဲ့သည်။

မခင်ရတနာအောင်၊ မခင်အာဇာနည်ကျော်၊ မနှင်းသက်ရွှေစင်ထွန်းနှင့် မောင်ရဲထွဋ်ကျော် အပါအဝင် သားသမီးလေးဦး မွေးဖွားခဲ့၍ သံယောဇဉ်ကြိုးတို့ တိုးခဲ့သည်။

မိသားစု စီးပွားရေးအတွက် အရောင်းအဝယ်၊ လက်သမားပန်းရန် စသည့်လုပ်ငန်းများကို လုပ်ကိုင်ရင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၌ ကြက်ခြေနီစေတနာလုပ်အားရှင်အဖြစ် ၁၉၉၉ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများကို တစ်ဖက်က ဆောင်ရွက်ခဲ့ပြန်သည်။

**၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ။** နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်ထောင်စု၏ နယ်မြေဒေသကို ကျူးကျော်ထိပါးလာသော ကိုးကန့်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက အသက်၊ သွေး၊ ချွေးတို့ပေးဆပ်၍ တန်ပြန်ထိုးစစ်တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေဆဲကာလ။

ဦးမိုးကျော်သန်းသည် ကြက်ခြေနီစေတနာလုပ်အားရှင် တစ်ဦးပီပီ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ကာ ကိုးကန့်ဒေသတိုက်ပွဲရှောင်ပြည်သူများကို ကူညီပေးခဲ့သည်။

**၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်။** လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများကို ကြက်ခြေနီအလံလွှင့်ထူထားသော မော်တော်ယာဉ်များဖြင့် သွားရောက်ကယ်ဆယ်စဉ် လောက်ကိုင်ခရိုင်၊ ပါစင်ကျော်နှင့် မာလီရှူးဝါးအကြား သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဦးမိုးကျော်သန်း၏ ဝမ်းဗိုက်တွင် သေနတ်ကျည်ဆန် ဒဏ်ရာရရှိသွားခဲ့သည်။ သူနှင့်အတူ ကြက်ခြေနီစေတနာလုပ်အားရှင် ကိုဇော်မင်းထိုက်လည်း မျက်စိတွင် ဒဏ်ရာရရှိခဲ့ပြန်သည်။

တာဝန်ရှိသူများက ဒဏ်ရာပြင်းထန်သူ ဦးမိုးကျော်သန်းကို ထိုနေ့မှာပင် ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ မတ် ၆ ရက်တွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း ပြောင်းရွှေ့ကုသပေးခဲ့သည်။

သို့တစေ လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူ ၄၀၀၀ နီးပါးကို လောက်ကိုင်-ကွမ်းလုံ-လားရှိုးသို့ ပို့ဆောင်ကယ်ဆယ်ပေးခဲ့သူ ဦးမိုးကျော်သန်းတစ်ယောက် သူ့အသက်အန္တရာယ်ကိုတော့ သူမကယ်ဆယ်နိုင်တော့။ မတ် ၂၇ ရက်နေ့တွင် ရရှိထားသော ဒဏ်ရာဖြင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားရှာခဲ့သည်။

သူချစ်သော ကွမ်းလုံမြေ၊ သူချစ်သော မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သူမြတ်နိုးသော ဇနီး၊ သားသမီးလေးဦး၊ မွေးစားသားသမီး သုံးဦးတို့ကို အသက်(၄၅)နှစ်အရွယ်မှာပင် နှုတ်ဆက်ခွဲခွာသွားခဲ့ရသည်။ ဦးမိုးကျော်သန်း၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို သူချစ်သော ကွမ်းလုံမြေ အောင်မင်္ဂလာကျေးရွာ၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

“ဦးမိုးကျော်သန်းရဲ့ လူမှုရေးစိတ်ဓာတ်က ချီးကျူးဖို့ ကောင်းပါတယ်။ သူ့လို တပ်ဖွဲ့ဝင်တစ်ယောက် ဆုံးရှုံးသွားတဲ့အတွက် အများကြီးနှမြောဖို့ကောင်းပါတယ်”ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်ဒါရိုက်တာ ဦးခင်မောင်လှက မှတ်ချက်ပြုသည်။

ဦးမိုးကျော်သန်းကား ဤသို့ ဤနှယ် ဘဝတစ်ခုကို နိဂုံးကမ္ပတ်ချုပ်ငြိမ်းသွားခဲ့ရသော်လည်း သူ၏ လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များက နိဂုံးကမ္ပတ်ချုပ်ငြိမ်းမသွားခဲ့။ သူ့အသက်စွန့်ကြိုးပမ်းစွာ ဆောင်ရွက်ခဲ့သော မွန်မြတ်သည့် လူမှုကရုဏာလုပ်ငန်းကြောင့် ဦးမိုးကျော်သန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ အမြင့်ဆုံးဆုဖြစ်သော ဟင်နရီဒူးနန့်ဆုကို ရရှိနိုင်ရေးအတွက် အဆိုပြုလွှာတင်ပြထားကြောင်း သိရသည်။

“ဟင်နရီဒူးနန့်ဆုကို မတ်လ ၂၅ ရက်နေ့မှာ နောက်ဆုံးထားပြီး တင်ရမယ်ဆိုတာကြောင့် ဦးမိုးကျော်သန်းရဲ့အဆိုပြုလွှာကို မတ်လ ၂၀ ရက်နေ့ကတည်းက တင်ထားတယ်။ ဖြစ်စဉ်နဲ့ပတ်သက်တဲ့ အသေးစိတ်အခြေအနေကိုလည်း အချိန်နဲ့တစ်ပြေးညီ တင်ပြပေးနေရတော့ အခု သူဆုံးသွားတာကိုလည်း အကြောင်းကြားပေးပြီးပါပြီ”ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒါရိုက်တာ ဒေါ်ခင်မျိုးမြတ်က ပြောသည်။

ဟင်နရီဒူးနန့်ဆုကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းတို့က ဖွဲ့စည်းထားသော ဆုရွေးချယ်ရေးကော်မရှင်သို့ နှစ်နှစ်လျှင်တစ်ကြိမ်တင်ပေးရကြောင်း၊ နိုင်ငံတကာက ပေးပို့သည့် အဆိုပြုလွှာများကို ရွေးချယ်ရခြင်းဖြစ်၍ ပုံမှန်အားဖြင့် အချိန်သုံး၊ လေးလခန့်ကြာကြောင်း၊ ဟင်နရီဒူးနန့်ဆုသည် အသက်စွန့်ပြီး ထိခိုက်ဒဏ်ရာရမှ ချီးမြှင့်ပေးတာ မဟုတ်ကြောင်း၊ လူသားများကို အကျိုးပြုမှုအပေါ် မူတည်ပြီး အဆင့်ဆင့်ရွေးချယ်ကြောင်း၊ ရွေးချယ်သည့် မူများကလည်း သီးသန့်ရှိကြောင်း ၎င်းက ဆိုသည်။

ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ အမြင့်ဆုံးဆုဖြစ်သော “ဟင်နရီဒူးနန့်ဆု”နှင့် မြန်မာနိုင်ငံက မစိမ်းလှ၊ မြစ်ကြီးနားမြို့ အခြေခံပညာ အထက်တန်းကျောင်းသား ကိုစိုင်းအောင်လှိုင်မြင့်သည် ၁၉၇၇ ခုနှစ်တွင် ကချင်ပြည်နယ်အတွင်း၌ တပ်မတော်မှထရပ်ကားတစ်စီး မြစ်ထဲသို့ နစ်မြုပ်သွားစဉ် ယာဉ်မောင်းရဲဘော်၏အသက်ကို သက်စွန့်ဆံဖျား ရေငုပ်ကယ်တင်ပေးခဲ့၍ ကမ္ဘာ့ကြက်ခြေနီဌာနချုပ်ရှိရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပေးအပ်ချီးမြှင့်သည့် ဟင်နရီဒူးနန့်ဆုကို ရရှိခဲ့သည်။

ဟင်နရီဒူးနန့်ဆုမှာ ၁၈၅၉ ခုနှစ်တွင် ပြင်သစ်-အီတလီတပ်များနှင့် သြစတြီးယားတပ်တို့အကြား ဖြစ်ပွားခဲ့သည့် စစ်ပွဲ၏ အနိဋ္ဌာရုံများကို မျက်မြင်ကြုံတွေ့ခဲ့ရပြီး စစ်ပွဲတွင် ဒဏ်ရာရစစ်သည်များကို တတ်စွမ်းသမျှ ကူညီပြုစုစောင့်ရှောက်ပေးခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်ကို အစွဲပြု၍ ပေးအပ်ချီးမြှင့်သောဆုဖြစ်သည်။

“ဦးမိုးကျော်သန်း ဆေးရုံရောက်ရောက်ချင်းမှာပဲ အသင်းကြီးက သွားရောက်ပြီး လိုအပ်တဲ့ ဆေးဝါးတွေနဲ့ အသင်းပိုင်ရန်ပုံငွေကနေ ငွေကျပ် ငါးသိန်း ပံ့ပိုးပေးခဲ့ပါတယ်။ ဆေးကုသမှု ခံယူစဉ်တစ်လျှောက်လုံး ကုန်ကျစရိတ်အားလုံးကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက တာဝန်ယူမယ်လို့ ပြောထားပါတယ်။ သူမဆုံးခင်နှစ်ရက်အလိုမှာလည်း ငွေကျပ်ငါးသိန်း ထပ်မံထောက်ပံ့ပေးခဲ့တာကြောင့် လက်ရှိအချိန်မှာ ဆယ်သိန်းထောက်ပံ့ပြီးဖြစ်သလို ကျန်ခဲ့တဲ့ သူ့မိသားစုအတွက်ကိုလည်း ငွေကျပ်သိန်းနှစ်ဆယ် ထပ်မံထောက်ပံ့ပေးဖို့ အစီအစဉ်ရှိပါတယ်”ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်ဒါရိုက်တာ ဦးခင်မောင်လှက ပြောသည်။

ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမာခံအင်အားများ ဖြစ်ကြသည်။ ၂၀၁၃ ခုနှစ် စာရင်းများအရ တစ်နိုင်ငံလုံးတွင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်အင်အား နှစ်သိန်းကျော်၊ ရာသက်ပန်အင်အား တစ်သိန်းသုံးသောင်းနီးပါးနှင့် စေတနာလုပ်အားရှင်အင်အား သုံးသိန်းကျော်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များနှင့် မြန်မာပြည်သူများ၏ နှလုံးအိမ်ဝယ် ဟင်နရီဒူးနန့်ဆုရှင် ကိုစိုင်းအောင်လှိုင်မြင့်ကို သတိရမှုနှင့်အတူ လတ်တလော လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ရင်း အသက်စွန့်လွှတ်သွားခဲ့သူ ကြက်ခြေနီအသင်းဝင် ဦးမိုးကျော်သန်းကို ထာဝရအမှတ်ရနေကြဦးမည်သာ။

**(ခင်မောင်ထွေး၊ နန္ဒာဝင်း)**

---

## ● ရတနာပုံမှ

တို့အား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပန္နက်တင်အုတ်မြစ်စီ မဟာမင်္ဂလာအခမ်းအနားပြုလုပ်ပြီး ၁၂၂၀ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့တွင် တည်ဆောက်လှူဒါန်းခဲ့ပါသည်။

သို့သော် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဗုံးဒဏ်များကြောင့် အတုမရှိကျောင်းတော်ကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ မဟာပဋ္ဌာန်းဟောရွှေသိမ်တော်ကြီး၊ သုဓမ္မာရွှေဇရပ်တော်ကြီးတို့သည် မီးလောင်ပျက်စီးခဲ့သည်။ အတုမရှိ ရွှေကျောင်းတော်ကြီးအား ၁၃၅၈ ခု နတ်တော်လဆန်း ၅ ရက် (၁၅-၁၂-၁၉၉၆ တနင်္ဂနွေနေ့)တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ အသစ်ပြုပြင်ပြန်လည်တည်ဆောက်ပြီးသော်လည်း သတ္တဌာန သုံးဌာနမှာ ပြန်လည်တည်ဆောက်ရန် ကျန်ရှိနေခဲ့သည်။

မန္တလေးရွှေမြို့တော်ကြီးသည် ဘဝရှင်မင်းတရားကြီးနှင့် ရတနာပုံဘိုးဘေး၊ မြို့တော်သူ၊ မြို့တော်သားအပေါင်းတို့ တည်ထောင်ခဲ့သော မြို့တော်ကြီးဖြစ်ပြီး “ကုန်းဘောင်ကို ဆုံးအောင်လျှောက်ပါ”ဟု တဘောင်စာသားလည်း ရှိခဲ့သောကြောင့် ပျောက်ကွယ်သွားသည့် သုဓမ္မာရွှေဇရပ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီးနှင့် မဟာပဋ္ဌာန်းဟောရွှေသိမ်တော်ကြီးနှင့် သာသနာပိုင်ဆရာတော်ကြီးများ အဆက်ဆက်သီတင်းသုံးတော်မူသော သုဓမ္မာရွှေကျောင်းတော်ကြီးပေါင်း လေးဌာနတို့ကို ၂၄-၆-၂၀၁၃ ရက် (တနင်္လာနေ့)တွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဉရုတိုင်များ စိုက်ထူကာ စတင်ဆောက်လုပ်ခဲ့ပြီး ဆက်လက်လှူဒါန်းမှုများအနေဖြင့် ရတနာပုံမြို့တည်နန်းတည် ကုသိုလ်ရှင်မင်းတုန်းမင်းတရားကြီးနှင့် မြောက်နန်းစံမိဖုရားကြီး စကြာဒေဝီတို့၏ ဗိမာန်တော်ကြီးနှင့် အဝင်မုခ်ဦး၊ မန္တလေးမြို့တည် နန်းတည်အထိမ်းအမှတ် ရတနာပုံမုခ်ဦးကြီး၊ မန္တလေးမြို့တည်နန်းတည်ရတနာပုံကျောက်စာတိုင်နှင့် အဝင်မုခ်ဦး၊ ကျောက်တော်ကြီးဘုရား၏ ထောင့်သုံးထောင့်ရှိ ဗောဓိပင်နှင့် ရွှေပလ္လင်များ၊ မြို့တည်နန်းတည် အဆောက်အအုံများကို မုခ်ဦး၊ မုခ်တိုင်များ၊ သံပန်း သံတံခါးများ နှစ်ထပ်ကာရံလှူဒါန်းခြင်း၊ လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်းနှင့်လျှပ်စစ်မီးများ အလှဆင်ခြင်း၊ မြို့တည်နန်းတည်အဆောက်အအုံအားလုံးကို ပန်းဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း၊ မြို့တည်နန်းတည် အဆောက်အအုံများတွင် သာသနာတော်စောင့်နတ်မင်းကြီးများနှင့် ဂူမ္ဘဏ်၊ ယက္ခတို့ဖြင့် ထားရှိပူဇော်ခြင်းများအတွက် လှူဒါန်းမှုအစုစုတို့ကို မတ် ၂၉ ရက်တွင် သမိုင်းဝင်သတ္တဌာန အဆောက်တော်များတည်ရှိရာ ရတနာပုံမုခ်ဦးကြီးနှင့် သာသနိကအဆောက်အအုံများ ဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ရာ အလှူရှင်နှင့်တကွ မန္တလေးပြည်သူများ၏ ဂုဏ်ယူဝမ်းမြောက်ကြည်နူးမှုစကားသံများကို စုစည်းတင်ပြလိုက်ပါသည်။

“မြန်မာ့ထီးမွေ နန်းမွေပြန်လည်တည်ဆောက်ပြီးဖြစ်တဲ့အတွက် မြန်မာတိုင်းရင်းသားအားလုံးတို့ရဲ့ ဒုတိယသမိုင်းစာမျက်နှာအသစ်ဖြစ်သလို မန္တလေးရွှေမြို့တော်ကြီးရဲ့ ဒုတိယသမိုင်းစာမျက်နှာသစ်အဖြစ် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အင်မတန်မှ ဝမ်းသာဂုဏ်ယူမိပါတယ်”ဟု အလှူရှင် သုဓမ္မာ ဦးကျော်ဝင်းက ပြောကြားသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက “ဒီသုဓမ္မာကျောင်းတော်ကြီးများ၊ သုဓမ္မာဇရပ်ကြီး၊ ပဋ္ဌာန်းဟောသိမ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ မန္တလေးမြို့ကြီးကို တည်ထောင်သူ မင်းတုန်းမင်းကြီးက ပေးထားခဲ့တဲ့ အမွေခံကောင်းပီပီ ဒီကနေ့ ဒို့တစ်တွေ အလှူရှင်နဲ့တကွ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တကွ ဝိုင်းဝန်းလုပ်ကြတယ်။ နိုင်ငံတော်အတွက်ရော၊ သာသနာအတွက်ပါ အားလုံးတာဝန်ကျေတယ်လို့ ယူဆတယ်။ ဗမာလူမျိုးဆိုတာ ဘာလဲဆိုတာ ဒီလိုယဉ်ကျေးမှုအမွေအနှစ်တွေကို ပြတာ။ ဗမာ့ဂုဏ်သိက္ခာဟာ ဘာလဲဆိုတာ ဒီယဉ်ကျေးမှုအမွေအနှစ်တွေကို ပြတာ။ ဒီလိုယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာရောက်တယ်”ဟု မိန့်ကြားခဲ့သည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ ထွန်းကားရာ မြို့ဖြစ်သည်နှင့်အညီ ယခုကဲ့သို့ ကွယ်ပျောက်သွားသည့် သတ္တဌာန အလုံးစုံကို ပြည့်စုံအောင် ပြန်လည်ဖော်ထုတ်ပြသနိုင်ခဲ့ခြင်းသည် မန္တလေးမြို့ကြီး၏ ဒုတိယသမိုင်းစာမျက်နှာအသစ်အဖြစ် မန္တလေးမြို့တော်သူ မြို့တော်သားများအတွက် ဂုဏ်ယူစရာနေ့တစ်နေ့အဖြစ် ထင်ကျန်ရစ်နေပေတော့မည်။ ။

# အိန္ဒိယတွင် ရဲတပ်သားဝင်ခွင့် လူစားထိုးဖြေဆိုခဲ့သူ ၁၀၀၀ ကျော်ကို ဖမ်းဆီး

**ဘီဟာ မတ် ၃၀**

အိန္ဒိယနိုင်ငံဘီဟာပြည်နယ်တွင် ရဲတပ်သားဝင်ခွင့် ကိုယ်ကာယ လေ့ကျင့်ခန်းစစ်ဆေးမှုတွင် ဖြေဆိုသူများက လူအစားထိုးလိမ်လည်ဖြေဆိုမှုကြောင့် ဝင်ခွင့်ဖြေဆိုသူ ၁၀၀၀ ကျော်ကို အာဏာပိုင်များက ဖမ်းဆီးလိုက်သည်။

ဝင်ခွင့်ဖြေဆိုသူများက ကိုယ်တိုင်ဝင်ရောက်ဖြေဆိုခြင်းမရှိဘဲ အစားထိုးဖြေဆိုသည့်သူများကို ငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထုတ်ပြန်ချက်အရသိရသည်။

လူစားထိုးဖြေဆိုသည်ကို စစ်ဆေးတွေ့ရှိပြီး ရက်သတ္တနှစ်ပတ်အကြာတွင် ဖြေဆိုသူများအား ဖမ်းဆီးခဲ့သည်။

ယမန်နှစ်က ဘီဟာပြည်နယ်တွင် ရဲအရာရှိဝင်ခွင့်ရေးဖြေစာမေးပွဲတွင် မသမာသောနည်းဖြင့် ဖြေဆိုခဲ့ကြသည့် ဖြေဆိုသူ ၁၅၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

ရဲတပ်သားဝင်ခွင့် ကိုယ်ကာယစစ်ဆေးမှုတွင် ဖြေဆိုသူ ၅၂၀၀၀ ခန့်ကို ရွေးချယ်ထားပြီးဖြစ်သည်။ ပြည်နယ်အစိုးရက ရဲတပ်သား ၁၂၀၀၀ ဦးရေ ဝန်းကျင်ကို ခန့်အပ်ရန်လျာထားကြောင်း အိန္ဒိယမီဒီယာများကဖော်ပြသည်။

**ဘီဘီစီ**



ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်း၌ တရုတ်နိုင်ငံသားများအား စစ်သင်္ဘောဖြင့် ပြန်လည်မခေါ်ဆောင်မီ တရုတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးစစ်ဆေးနေစဉ်။

# ယီမင်တွင် ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများကို ပြန်လည်ခေါ်ယူ

**ပေကျင်း မတ် ၃၀**

ယီမင်နိုင်ငံသည် နိုင်ငံရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသဖြင့် ယီမင်နိုင်ငံတွင် ရောက်ရှိနေကြသည့် တရုတ်နိုင်ငံသား ၅၀၀ ကျော်အား စစ်သင်္ဘောများဖြင့် ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

ယမန်နေ့က တရုတ်နိုင်ငံသား ၁၂၂ ဦးကို ယီမင်နိုင်ငံ အေဒင်မြို့မှ အာဖရိကန်နိုင်ငံ တစ်ခုဖြစ်သော ဂျီဘူတီနိုင်ငံသို့ ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ဂျီဘူတီနိုင်ငံရှိ တရုတ်သံရုံးက တရုတ်နိုင်ငံသို့ ပြန်လည်သွားရောက်နိုင်ရေးအတွက် လိုအပ်သည်များကို ကူညီပေးလျက်ရှိသည်။

တရုတ်အစိုးရက အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီရေပိုင်နက်များတွင် ပင်လယ်ဓားပြစစ်ဆင်ရေးများ လုပ်ဆောင်လေ့ရှိသည့် ရေတပ်သင်္ဘောများကို ယီမင်နိုင်ငံရှိ တရုတ်နိုင်ငံသားများ ပြောင်းရွှေ့ရာတွင် ကူညီပေးရန် ယီမင်နိုင်ငံသို့စေလွှတ်ခဲ့သည်။

ယခုအချိန်တွင် ယီမင်နိုင်ငံဆိုင်ရာ တရုတ်သံအမတ် တီရန်ကီနှင့် သံရုံးဝန်ထမ်းများက ယီမင်နိုင်ငံတွင် ဆက်လက် တာဝန်ထမ်းဆောင်လျက်ရှိပြီး ယီမင်နိုင်ငံတွင် ကျန်ရှိနေသေးသည့် တရုတ်နိုင်ငံသား ၄၀၀ ကျော်ကို ဘေးကင်းစွာနှင့်တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိရေးအတွက် ကူညီပေးနေသည်။

ယီမင်နိုင်ငံတွင် လုံခြုံရေးလျော့ကျလာချိန်ကစပြီး တရုတ်အစိုးရက ၎င်း၏ နိုင်ငံသားများ ဘေးကင်းလုံခြုံမှုရှိရေးအတွက် ကူညီမှုများပေးလျက်ရှိသည်။

ယခုအချိန်တွင် နိုင်ငံရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် ယီမင်နိုင်ငံရှိ ပြည်သူများသည် ဟူသီစစ်သွေးကြွများနှင့် ယီမင်သမ္မတသစ္စာခံတပ်ဖွဲ့များအကြား နေ့စဉ်ပစ်ခတ်မှုများနှင့် ကြုံတွေ့နေကြရသည်။

**ဆင်ဟွာ**

# ဗြိတိန် ရွေးကောက်ပွဲ မေ ၇ ရက်တွင် ကျင်းပမည်

**လန်ဒန် မတ် ၃၀**

ဗြိတိန်ဘုရင်မကြီး အယ်လိဇဘက်က ပါလီမန်ကို မတ် ၃၀ ရက်တွင် ဖျက်သိမ်းလိုက်ပြီးနောက် ဗြိတိန်အထွေထွေရွေးကောက်ပွဲကို မေ ၇ ရက်တွင် ကျင်းပရန်သတ်မှတ်လိုက်သည်။

အောက်လွှတ်တော် ပါလီမန်အမတ်နေရာ ၆၅၀ အတွက် ဆန္ဒမဲပေးရွေးချယ်သွားကြမည်ဖြစ်သည်။

အချို့သောပါတီများက ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများကို မတ် ၃၀ ရက်တွင်ပင် စတင်လှုပ်ရှားလျက်ရှိကြသည်။ ဝေလ လေဘာပါတီနှင့် ဝေလ ကွန်ဆာဗေးတစ်ပါတီတို့က ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုများ စတင်လှုပ်ရှားခဲ့သကဲ့သို့ စကော့တလန်ရှိ ဂရင်းပါတီကလည်း ၎င်း၏ မူဝါဒကိုထုတ်ပြန်ကြေညာခဲ့သည်။

အစိုးရဝန်ကြီးများသည် အစိုးရသစ်မဖွဲ့စည်းမီ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် တာဝန်ဝတ္တရားများကို ဆက်လက် ထမ်းဆောင်နေမည်ဖြစ်သော်လည်း ပါလီမန်အမတ်များကိုမူ ရာထူးတာဝန်မှ ဖယ်ရှားလိုက်ပြီဖြစ်သည်။

**စီအင်န်အေ**

# တရုတ်ဂျပ်ဆင်ဘုတ်ကုမ္ပဏီက အမေရိကန် ခုနစ်ဦးကို လျော်ကြေးပေး

**နယူးအော်လန် မတ် ၃၀**

တရုတ်ပလတ်စတာဘုတ် ထုတ်လုပ်သော တိုင်ရှန်ဂျပ်ဆင်ကုမ္ပဏီလီမိတက်က ၎င်းတို့ ထုတ်လုပ်သည့်ပစ္စည်းကြောင့် ပျက်စီးသွားသောနေအိမ် ခုနစ်လုံး၏ ပိုင်ရှင် ခုနစ်ဦးကို တရားရုံး၏ ဆုံးဖြတ်ချက်အရ လျော်ကြေး ဒေါ်လာ ၃ ဒသမ ၂ သန်းပေးပြီးကြောင်း ရှေ့နေများက ပြောကြားသည်။

အိမ်ပိုင်ရှင်များ၏ ကိုယ်စားရှေ့နေများက ကြေညာချက်ထုတ်ပြန်ရာတွင် အခြားအိမ်ပိုင်ရှင် ၄၀၀၀ ကိုယ်စား ဧပြီ ၂၈ ရက်တွင် တရားရုံး၌ အမှုရင်ဆိုင်ရမည်ဟု ဖော်ပြထားသည်။ အဆိုပါ အိမ်ရှင်များ၏ အိမ်များသည်လည်း အနာအဆာပါသော ပလတ်စတာဘုတ်များကြောင့် အလားတူ ပျက်စီးခဲ့ရသည်ဟုဆိုသည်။ ပလတ်စတာဘုတ်ဆိုသည်မှာ အိမ်တွင်းနံရံ အလှဆင်ချပ်ပြားတစ်မျိုးဖြစ်သည်။

တိုင်ရှန်ဂျပ်ဆင် ကုမ္ပဏီသည် အမေရိကန်တရားရုံးများ၌ အချိန်ကာလကြာမြင့်စွာ အမှုရင်ဆိုင်၍ ရှုံးနိမ့်သွားပြီးနောက် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အလုံးရေ ၂၀၀၀၀ အထိ များပြားလှသော အမေရိကန်အိမ်များ၌ အပြစ်အနာအဆာပါသော တရုတ်ပလတ်စတာဘုတ်များ အသုံးပြုရာမှ စွဲဆိုလာသော တရားမအမှုအားလုံးကို နယူးအော်လန်မှ ခရိုင်တရားသူကြီး အဲလ်ဒန်ဖောလန်က စစ်ဆေးလျက်ရှိသည်။

**ရိုက်တာ**



# အီရန်နျူကလီးယားသဘောတူညီချက်ရရှိဖွယ် ရေနံဈေးကွက်တွင် ဈေးနှုန်းကျဆင်း

**လန်ဒန် မတ် ၃၀**

အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့မှ တာဝန်ရှိသူများသည် တီဟီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ သဘောတူညီမှုရရှိဖွယ် အခြေအနေသို့ ဆိုက်ရောက်လျက်ရှိရာ ယင်းသို့ဖြစ်လာပါက အီရန်သည် စီးပွားရေးပိတ်ဆို့အရေးယူခံရခြင်းမှ လွတ်ကင်းပြီး ရေနံများတိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ရာ ရေနံဈေးနှုန်းများ ထပ်မံကျဆင်းခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ လော်ဇိန်းမြို့၌ ကျင်းပလျက်ရှိသည့် ဆွေးနွေးပွဲတွင် အင်္ဂါနေ့ မတိုင်မီ သဘောတူညီမှုများ ပေါ်ထွက်နိုင်မည်ဟု နှစ်ဖက်လုံးက ပြောကြားခဲ့သည်။

ဆွေးနွေးပွဲနှင့် နီးစပ်သော တာဝန်ရှိသူများက တိုးတက်မှုများရရှိကြောင်း ပြောကြားပြီး ရင်းနှီးမြှုပ်နှံသူ အများအပြားက သဘောတူညီမှုရရှိမည်ဟု ယုံကြည်ကြသည်။ အနည်းငယ်ကမူ သဘောတူညီမှု မရရှိဘဲ ဆွေးနွေးပွဲပြီးဆုံးမည်ဟု မျှော်လင့်ကြသည်။

အော်စလိုမြို့ အက်စ်အီးဘီ ဈေးကွက်မှ လေ့လာဆန်းစစ်သူတစ်ဦးက သဘောတူညီမှုဖြစ်နိုင်ဖွယ် အချက်နှစ်ချက်ရှိကြောင်း၊ ပထမတစ်ခုမှာ သဘောတူညီမှုအတွက် အခြေခံအချက်အလက်များကို သဘောတူခြင်း သို့မဟုတ် ကန့်သတ်ထားသော နောက်ဆုံးအချိန်ကို တိုးမြှင့်ပေးခြင်းတို့ဖြစ်ကြောင်း ရိုက်တာ သတင်းဌာနသို့ ပြောကြားခဲ့သည်။

ထိုသို့ အီရန်နျူကလီးယား အစီအစဉ်အပေါ် သဘောတူညီမှု ရရှိဖွယ်ရာ အခြေအနေ ပေါ်ပေါက်နေသဖြင့် ဈေးကွက်၌ ပေါ်ပေါက်လာသော ဈေးနှုန်းမှာ ဘရင့်ရေနံစိမ်းသည် ၄၇ ဆင့်ကျ၍ တစ်စည်လျှင် ၅၅ ဒသမ ၉၄ ဒေါ်လာ၊ အမေရိကန် ရေနံစိမ်းသည် ဆင့် ၆၀ ကျ၍ တစ်စည်လျှင် ၄၈ ဒသမ ၀၇ ဒေါ်လာဖြစ်သည်။

**ရိုက်တာ**

# အိန္ဒိယပိုင်ကက်ရှ်မီးယားဒေသတွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်နိုင်

**ဆာရီ နာဂါ မတ် ၃၀**

အိန္ဒိယနိုင်ငံက အုပ်ချုပ်သော ကက်ရှ်မီးယားဒေသတွင် မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ယင်းဒေသတွင်းရှိ ဂျီလန်မြစ်ရေပြင်မြင့်တက်လာခြင်းကြောင့် ရေလွှမ်းမိုးမှုအန္တရာယ်ကျရောက်နိုင်သည်ဟု သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါ မြစ်ကမ်းနံဘေးတွင် နေထိုင်ကြသူများအနေဖြင့် နေအိမ်များကို စွန့်ခွာ၍ ဘေးကင်းရာဒေသများသို့ ပြောင်းရွှေ့ကြရန် ဒေသဆိုင်ရာ အာဏာပိုင်များက တိုက်တွန်းထားသည်။

အဆိုပါဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားကာ နေအိမ်အချို့ပြိုကျပြီး လူ ၁၀ ဦးထက်မနည်း ပျောက်ဆုံးနေသည်ဟု သတင်းများတွင် ဖော်ပြသည်။

ယမန်နှစ် စက်တင်ဘာလအတွင်းက အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ကာ လူပေါင်း ၂၅၀ ထက် မနည်းသေဆုံးခဲ့ပြီးနောက်တွင် ကက်ရှ်မီးယားဒေသ၌ ရေလွှမ်းမိုးသည့် အန္တရာယ်သတိပေးချက်တစ်ရပ် ထပ်မံထွက်ပေါ်ခြင်းဖြစ်သည်။ ယမန်နှစ် ကက်ရှ်မီးယားဒေသ၌ ဖြစ်ပွားသော ရေကြီးမှုမှာ ရာစုနှစ် ထက်ဝက်အတွင်း အဆိုးရွားဆုံး ရေကြီးမှုလည်းဖြစ်သည်။

ကက်ရှ်မီးယား တောင်ကြားဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အဆိုပါဒေသ၏ အခြေအနေကို အာဏာပိုင်များက အဆက်မပြတ် စောင့်ကြည့်နေကြောင်း ယင်းပြည်နယ်၏ ဒုတိယဝန်ကြီးချုပ် နီယာမေလ်ဆင်း က ပြောကြားသည်။

ကက်ရှ်မီးယားပြည်နယ်၏ မြို့တော်ဆာရီနာဂါ၏ အနောက်ဘက် ၁၅ ကီလိုမီတာ(၁၀ မိုင်ခန့်)အကွာ ရှိချာဒိုရာ ကျေးရွာ၌ မြေပြိုမှုကြောင့် ပျက်စီးသွားသော လူနေအိမ်များအောက်၌ ၁၀ ဦးမှ ၁၂ ဦးထက်မနည်း ပိတ်မိနေပြီး ကယ်ဆယ်ရေး ဆောင်ရွက်နေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အရာရှိ တစ်ဦးက ပြောကြားသည်။

**ရိုက်တာ**

# ရီးယဲလ်မက်ဒရစ်နှင့်ပတ်သက်သော အလုပ်များကို ဘယ်အခါမျှ ငြင်းပယ်မည်မဟုတ်ဟု ဇီဒန်းဆို

ပြင်သစ်ဂန္ထဝင် ကစားသမား ဇီနက်ဒင်ဇီဒန်းက လက်ရှိတာဝန်ယူထားသော လုပ်ငန်းဆောင်တာများအပြင် ရီးယဲလ်နည်းပြ အန်စလော့တီ၏ နေရာကိုဆက်ခံရန် တောင်းဆိုလာခဲ့ပါကလည်း ငြင်းပယ်မိမည်မဟုတ်ဟု ဆိုခဲ့သည်။ ဇီဒန်းက အကယ်၍ ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်အနေဖြင့် ၎င်းအား ကလပ်အသင်းနည်းပြအဖြစ် တာဝန်ယူရန် ကမ်းလှမ်းလာခဲ့လျှင်လည်း ငြင်းဆန်မှုပြုမိမည်မဟုတ်ဟု ဆိုခဲ့သည်။



အသက် (၄၂) နှစ်အရွယ်ရှိ ဇီဒန်းသည် လက်ရှိတွင် ရီးယဲလ်(ခ) အသင်းနည်းပြအဖြစ်သာမက ကလပ်အသင်း နည်းစနစ်ပိုင်းစိစစ်ရေး တာဝန်များကိုပါ တာဝန်ယူထားသူဖြစ်သည်။ ယခုအခါ ကာလို့စ် အန်စလော့တီ၏နေရာကို တာဝန်ယူသွားမည့် အနာဂတ်နည်းပြလောင်းအဖြစ် ကမ်းလှမ်းခြင်းခံထားရသူဖြစ်သည်။

ဇီဒန်းက Canal+ သို့ ပြောကြားခဲ့ရာတွင် "တကယ်လို့ ရီးယဲလ်နည်းပြနေရာအတွက် ကျွန်တော်တို့ ဆန္ဒပြုလာမယ်ဆိုလည်း ကျွန်တော့်အနေနဲ့ အလုံးစုံသဘောတူတယ်လို့ပဲ တုံ့ပြန်မိပါလိမ့်မယ်။ ဒါပေမယ့် အခုလက်ရှိရီးယဲလ်ကို မှန်မှန်ကန်ကန် ဦးဆောင်မယ့် နည်းပြတစ်ယောက်ရှိနေတာက ကျေနပ်စရာပါပဲ။ အခုအချိန်မှာ ကျွန်တော်က သင်ကြားဆဲ အဆင့်မှာပဲနေပါသေးတယ်။ ဒီအလုပ်ကို ထမ်းဆောင်ဖို့ အဆင်သင့်ဖြစ်ပြီလားဆိုရင် မဖြစ်သေးပါဘူးလို့ပဲ ကျွန်တော် ပြောရမှာပါ။ ကစားသမားဘဝမှာ အသားကျအောင် တဖြည်းဖြည်းချင်း သင်ကြားခဲ့ရသလို နည်းပြဘဝကိုလည်း ဒီနည်းလမ်းအတိုင်းပဲ ဖြတ်သန်းနေရဆဲပါပဲ။ အန်စလော့တီဆီက ကျွန်တော်အများကြီး သင်ယူခဲ့ရသလို သူက ရီးယဲလ်အတွက် ပြီးပြည့်စုံတဲ့ နည်းပြတစ်ဦးပါပဲ"ဟု ပြောကြားခဲ့သည်။

ဇီဒန်းသည် ကစားသမားဘဝမှ အနားယူခဲ့သည့် ၂၀၀၆ ခုနှစ်ကတည်းက မည်သည့်အသင်းကြီးကိုမျှ တာဝန်ယူခဲ့ခြင်းမရှိသေးဘဲ မော်ရင်ဟိုလက်အောက်တွင် ရီးယဲလ်အတွက် အားကစားဒါရိုက်တာအဖြစ်လည်းကောင်း၊ အန်စလော့တီလက်အောက်တွင် လက်ထောက်နည်းပြအဖြစ်လည်းကောင်း တာဝန်ယူခဲ့သူဖြစ်သည်။

**မေလှဲ့သင်း**

# 28th SEA Games ပြိုင်ပွဲ၌ ခြင်းလုံးအားကစားအောင်မြင်မှုရရှိရေး ဆွေးနွေး

**ရန်ကုန် မတ် ၃၀**

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းဖြင့် အောင်မြင်မှုရရှိနိုင်ရေး၊ နောင်လာမည့် SEA Games ပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပနိုင်ရေးနှင့် ခြင်းလုံးအားကစားနည်း နိုင်ငံတကာသို့ ပြန့်ပွားစေရေးအတွက် အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ (ပတ္တမြား) ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပခြင်းကြောင့် အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲပွဲစဉ်များ အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေး၊ နည်းဥပဒေနှင့် နည်းစနစ်များ နောက်ဆုံးအဆင့် အတည်ပြုဆုံးဖြတ်ခြင်းနှင့် ၂၀၁၇ ခုနှစ် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းကို ဆက်လက်ထည့်သွင်းကျင်းပနိုင်ရေးနှင့် မြန်မာ့ခြင်းလုံးအားကစားကို နိုင်ငံတကာ စည်းမျဉ်းများနှင့်အညီ ပြိုင်ပွဲဝင်အသင်းများနှင့် ခြင်းလုံးအားကစားဝါသနာရှင်များ နားလည်ရှင်းလင်းအောင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ နည်းစနစ်ကော်မတီဝင်များက အသစ်ထပ်မံရေးဆွဲထားခြင်းဖြစ်ခြင်းကြောင့် ခြင်းလုံးအားကစားနည်းကို အရှေ့တောင်အာရှမှ အာရှသို့ တက်လှမ်းအောင်မြင်မှုရရှိနေပြီဖြစ်သည်ဟု အပြန်အလှန်ဆွေးနွေးခဲ့ပြီးနောက် ယခုအသစ်ထပ်မံပြင်ဆင်ရေးဆွဲထားသော ခြင်းလုံးအားကစားနည်းကို သရုပ်ပြခတ်ကစားမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**ခင်မောင်ဝင်း(ကြေးမုံ)**



# ဂျာမနီရှေ့တန်း ဂိုးဖြုန်းတီးနေမှုကြောင့် မူလာမပျော်ရွှင်

ဂျာမနီတိုက်စစ်မှူး သောမတ်စ်မူလာသည် ဂျာမနီအသင်း ဥရောပဖလားခြေစစ်ပွဲအုပ်စု(ဃ)တွင် ဒုတိယနေရာအထိ တက်လှမ်းနိုင်ခဲ့ခြင်းကို ကျေနပ်မိသော်လည်း မတ် ၂၉ ရက်တွင် ကစားခဲ့သော ဂျော်ဂျီယာနှင့်ပွဲ၌ နှစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရခဲ့ခြင်းကြောင့် ရှေ့တန်းတိုက်စစ်မှူးများအနေဖြင့် ဂိုးဖြုန်းတီးမှုများ ပြုလုပ်နေခြင်းအပေါ် စိတ်ပျက်ကြောင်း



ဆိုခဲ့သည်။

ဂျာမနီ၏ အဖွင့်ဂိုးကို မာကိုရူးစ်က ပွဲအစ ငါးမိနစ်မှာပင် သွင်းယူခဲ့ပြီး မူလာက ပထမပိုင်းမပြီးဆုံးမီ တစ်မိနစ်အလိုတွင် ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့သည်။

ယင်းပွဲအနိုင်ကြောင့် ဂျာမနီသည် အိုင်ယာလန်အား သရေကျခဲ့သော အုပ်စု(ဃ)ဦးဆောင်သူ ပိုလန်နှင့် တစ်မှတ်သာကွာသော အနေအထားသို့ ရောက်ရှိလာခဲ့သည်။ "ကျွန်တော်တို့အတွက် အောင်မြင်စေမယ့် အဓိကအချက်ကတော့ ကစားချိန်အချိန်တစ်ဝက်လောက်ကို အလဟဿ ဖြုန်းတီးနေတာကို လုံးဝမပြုလုပ်ဖို့ပါပဲ။ ညာတောင်ပံက ဘောလုံးပေးမှုကို ကောင်းကောင်းမပြုလုပ်နိုင်သလို ဘောလုံးအပျက်များနေတာတွေကိုလည်း ပြင်ဆင်ရပါတယ်။ ကျွန်တော်တို့ပွဲအစ အရှိန်အဟုန်ကောင်းကောင်းနဲ့ ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းကျတော့ ဂိုးလေး တစ်ဂိုးရအောင် မသွင်းယူနိုင်တာက ကျွန်တော့်ကို တကယ်ကို စိတ်ရှုပ်ခေါင်းရှုပ်ဖြစ်စေတာပါပဲ။ ဒါပေမယ့် အမှတ်ပေးဇယားမှာ အဆင့်တက်လာတဲ့အပေါ်မှာတော့ ကျေနပ်ပါတယ်"ဟု မူလာက ပြောကြားခဲ့သည်။

ထို့ပြင် ဂျာမနီနည်းပြ ဂျိုအာချင်လိုက "ကျွန်တော်တို့အသင်း ဒီနေ့မှာ အနိုင်ရခဲ့ပြီး ပထမပိုင်းကစားပုံက အတော်လေးကောင်းခဲ့တဲ့အတွက်တော့ ကျေနပ်မိပါတယ်။ ကျွန်တော်တို့အသင်း စုဖွဲ့မှုကောင်းကောင်းနဲ့ တစ်ဖက်အသင်းကို ထိထိရောက်ရောက် ထိုးဖောက်ကစားနိုင်ခဲ့တယ်။ ဒုတိယပိုင်းမှာတော့ ကစားအားကျသွားပြီး ဂျော်ဂျီယာကတောင် ကျွန်တော်တို့အသင်းကို ဒုက္ခပေးနိုင်ခဲ့တယ်"ဟု ဆိုသည်။ မူလာသည် ဂျာမနီလက်ရွေးစင်အသင်းအတွက် ရှေ့တန်းတိုက်စစ်မှူးအဖြစ် လည်းကောင်း၊ တိုက်စစ်အားသန် ကွင်းလယ်ကစားသမားအဖြစ်လည်းကောင်း၊ တောင်ပံတိုက်စစ်မှူးအဖြစ် လည်းကောင်း နေရာစုံကစားနိုင်သည့် ဘောလုံးကစားသမားဖြစ်သည်။ အသက် (၂၅) နှစ်အရွယ်ရှိ မူလာသည် ၂၀၁၀ ကမ္ဘာ့ဖလားပွဲတွင် စုစုပေါင်းသွင်းဂိုး ငါးဂိုး၊ ဂိုးဖန်တီးပေးမှုများ သုံးကြိမ်ပြုလုပ်ကာ ပြိုင်ပွဲ၏ အကောင်းဆုံး လူငယ်ကစားသမားဆုနှင့် ရွှေဖိနပ်ဆုကိုပါ ရယူနိုင်ခဲ့သည်။ ၎င်းသည် ၂၀၁၄ ကမ္ဘာ့ဖလား ဂျာမနီချန်ပီယံ ဖြစ်ခဲ့ရာတွင် အဓိက အစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့ကာ စုစုပေါင်းသွင်းဂိုး ငါးဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီး ဘရာဇီး ကစားသမား ရိုနယ်ဒို၏ ကမ္ဘာ့ဖလားသွင်းဂိုးအများဆုံးစံချိန်ကို ချိုးဖျက်နိုင်သည့် ကစားသမားဖြစ်လာမည်ဟု ထင်ကြေးပေးခဲ့ရသည့် ကစားသမားလည်းဖြစ်သည်။

# မန်ယူတွင်သာ ပျော်ရွှင်သည်ဟု စမောလင်းဆို

မန်ယူနောက်တန်း ကစားသမား ခရစ်စမောလင်းက ကလပ်အသင်းတွင် လက်ရှိနေထိုင်ရသောကာလများအပေါ် အမှန်တကယ် ကျေနပ်ပျော်ရွှင်နေပြီး လက်ရှိချုပ်ဆိုထားသော စာချုပ်သက်တမ်း ကုန်ဆုံးသည်အထိ မန်ယူတွင်သာ ရှိနေမည်ဟု ဆိုခဲ့သည်။ အသက် (၂၅) နှစ်အရွယ်ရှိ စမောလင်း၏ စာချုပ်သက်တမ်းမှာ လာမည့်ဘောလုံးရာသီတွင် ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သစ်တစ်ရပ်ထပ်မံချုပ်ဆိုရန် မန်ယူက ပြင်ဆင်နေသည်။

စမောလင်းသည် မန်ယူ၏ နောက်ပိုင်းပွဲစဉ်များတွင် အင်္ဂလန်ကစားဖော် ဖီးလ်ဂျုံးစ်နှင့် အတွဲညီညီ အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခဲ့ပြီး စပါးနှင့် လီဗာပူးတို့အား အနိုင်ရသည့် ပွဲစဉ်များတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။

မန်ယူ၏ စာချုပ်သက်တမ်းတိုးရေးကိစ္စနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ စမောလင်းက "အခုထိ ဘယ်သူနဲ့မှ တိတိကျကျ ဆွေးနွေးထားတာမျိုး မရှိသေးပါဘူး။ နည်းပြက ကျွန်တော့်အပေါ် ယုံကြည်မှုပေးတဲ့အတွက် မန်ယူမှာ အခုနေထိုင်ရတဲ့ကာလတွေက တကယ့်ကို ကျေနပ်စရာပါပဲ။ အခုဆို မန်ယူအတွက် နောက်ထပ်ရှစ်ပွဲကစားဖို့ ကျန်နေသေးတဲ့အချိန်မှာ ရလဒ်ပိုင်း အကောင်းဆုံးဖြစ်နေစေဖို့ လူအင်အား အကောင်းဆုံးရှိနေဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အသင်း အကောင်းဆုံးကစားနိုင်ပြီး ကျွန်တော်ကိုယ်တိုင်လည်း အမှားအယွင်းမရှိ ကစားနိုင်တဲ့အချိန်တွေက အပျော်ဆုံးအချိန်တွေပါပဲ"ဟု ဆိုသည်။



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၃-၂၀၁၅ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၁၀း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (CALIFORNIA UNITEC Institute of Engineering Graduation and Awards Ceremony) |
| ၁း၀၀ | "ထင်းလည်းခုတ်ပါ၊ ဓားလည်းသွေးပါ" တရားတော်[အရှင်တေဇောသာရ (ချင်းတောင်တန်း သာသနာပြုဆရာတော်)] |
| ၃း၅၅ | Cartoon Series (Go Go Giggles) |
| ၄း၃၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၅း၀၀ | Deal or No Deal |
| ၁၀း၁၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၃၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၃း၁၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၄း၀၀ | World of Knowledge (Apocalypse The Second World War The Great Landing) |

# ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ မဖမ်းရန်အသိပေးနှိုးဆော်ချက်

တန်ခူး၊ ကဆုန်၊ နယုန်လ (ဧပြီ၊ မေ၊ ဇွန်)များတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်းအင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်းရောက်စေပါသည်။ ရေချိုပုစွန်တုပ်ကြီးများပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်အမကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထုတ်ပြန်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက "ရေချိုငါးလုပ်ငန်းဥပဒေ"ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုအရေးယူခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့စေရန်၊ မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည် စဉ်ဆက်မပြတ် စားသုံးနိုင်ရန်အတွက် ယခုကဲ့သို့ ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



## ကိုးကန့်သောင်းကျန်းသူများခိုအောင်းနေထိုင်သည့်နေအိမ်အတွင်းမှ ကျပ်သိန်းပေါင်း ၁၀၉၃၉ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသောပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၀**

တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသအတွင်း နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက် နံနက် ၇ နာရီခန့်တွင် ဒေသခံပြည်သူအချို့၏ သတင်းပေးချက်အရ ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခိုအောင်းနေထိုင်သည့် တာရွှေထန်ကျေးရွာအရှေ့မြောက်ဘက် ကြွယ်ပါးရွာအနီး ခြံဝင်းအတွင်းရှိ နှစ်ထပ်အိမ်တစ်လုံးအား ဝင်ရောက်ရှင်းလင်းစဉ် နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၅၁၂ ပြား (ကာလတန်ဖိုး ကျပ် ၉၉၈၂ သိန်းကျော်ခန့်)၊ အဖက်ဒရင်းအမှုန့် တစ်ကီလိုခန့် (ကာလတန်ဖိုး ကျပ် ၂၇ သိန်းခန့်)၊ ဆိုဒီယမ်အက်စီတစ်အင်ဟိုက်ဒရိုက်အမှုန့် တစ်ဘူးလျှင် ၅၀၀ ဂရမ်ပါ ဘူး ၆၀ (ကာလတန်ဖိုး ကျပ်သိန်း ၃၀ ခန့်)၊ ဒိုင်မီသိုင်းဆာလဖိတ် ၂၀၀ လီတာပါ တိုင်ကီ ၁၅ လုံး (ကာလတန်ဖိုး ကျပ်သိန်း ၉၀၀ ခန့်)၊ ကတော့ပါ ဖန်ပေါင်း ချောင်နှစ်ခု၊ ကြွေကတော့အကြီး နှစ်ခု၊ လေမှုတ်မော်တာ နှစ်ခု၊ ကျောက်စိမ်းတုံးအရွယ်စုံ ၃၀ စုစုပေါင်းကာလတန်ဖိုး ၁၀၉၃၉ သိန်းကျော်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများမှ ဒိုင်မီသိုင်းဆာလဖိတ် တိုင်ကီ ၁၅ လုံးအား ကြွယ်ပါးရွာတွင် စနစ်တကျဖျက်ဆီးခဲ့ပြီး ကျန်ပစ္စည်းများအား မြန်မာနိုင်ငံမူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ စနစ်တကျအပ်နှံခဲ့ကြောင်း သိရသည်။

ကိုးကန့်သောင်းကျန်းသူများသည် တစ်မျိုးသားလုံးလူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးများကိုထုတ်လုပ်၍ ကိုယ်တိုင်သုံးစွဲသည်သာမက ရောင်းဝယ်ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းမှရရှိလာသော ငွေကြေးများဖြင့် လက်နက်ခဲယမ်းများဝယ်ယူ၍ အပြစ်မဲ့ဒေသခံပြည်သူအချို့အား အတင်းအဓမ္မလက်နက်များ တပ်ဆင်ပေးပြီး မူးယစ်ဆေးဝါးအသုံးပြုစေကာ လောက်ကိုင်ဒေသ တိုက်ပွဲများတွင် တိုက်ပွဲဝင်စေလျက်ရှိကြောင်း သိရသည်။

(မြဝတီ)

## သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် တုတ်၊ ဓားလက်နက်ကိုင်ဆောင်မှုများမပြုလုပ်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တားမြစ်

**မန္တလေး မတ် ၃၀**

၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်ကြောကျပ်တည်းမှုမဖြစ်ပေါ်စေရန်အတွက် မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲအနေဖြင့် ယာဉ်ကြောရှင်းလင်းမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် တုတ်၊ ဓား လက်နက်ကိုင်ဆောင်မှုများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အလွန်တင်းကျပ်တားမြစ်ထားပြီး စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးသူ မန္တလေးသားတွေ အတာသင်္ကြန်ပွဲတော်ကာလမှာ ပျော်ရွှင်စွာရေကစားနိုင်စေဖို့အတွက် ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမှာပါ။ သွားလမ်းလာလမ်းတွေကတော့ ပြီးခဲ့တဲ့နှစ်တွေက သတ်မှတ်ထားတဲ့အတိုင်းပါပဲ။ ပြောင်းလဲမှုမရှိပါဘူး။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ သင်္ကြန်ကာလ ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေကို တပ်ဖွဲ့ဝင်အင်အား ၃၇၈ ဦးနဲ့ ဆောင်ရွက်သွားမှာပါ။ အဓိက မန္တလေးမြို့ပေါ်ကို အင်အား ၂၉၆ ဦးနဲ့ ဆောင်ရွက်သွားမယ်။ တပ်ဖွဲ့ဝင်တွေအားလုံးကိုလည်း ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေနဲ့ ပြည်သူလူထုအပေါ် အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးဖို့ ပြောထားပါတယ်။ အခုချိန်မှာတော့ သင်္ကြန်ကာလမတိုင်မီမှာ သင်္ကြန်အတွင်း မူးယစ်သောက်စားပြီး အပျော်တွေမလွန်ကျူးဖို့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြဖို့အတွက် ပူးပေါင်းအဖွဲ့ဝင်တွေနဲ့အတူ မြို့နယ်တိုင်းမှာ ဟောပြောဆွေးနွေးမှုတွေ ဆောင်ရွက်နေပါတယ်။ နောက်ပြီး အချက်ပြမီးပွိုင့်တိုင်းမှာလည်း အသံချဲ့စက်တွေနဲ့ ပညာပေးဟောပြောမှုတွေကို ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့သင်္ကြန်ကာလက ယာဉ်မတော်တဆမှုနဲ့ပတ်သက်လို့ အနည်းဆုံးနှစ်ဖြစ်ခဲ့ပါတယ်"ဟု အမှတ်(၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲမှူးသိန်းကိုကိုက ပြောသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးသူမန္တလေးသားများအနေဖြင့် မိမိတို့၏ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို နံပါတ်ပြားတပ်ဆင်အသုံးပြုမောင်းနှင်ရန်လိုကြောင်း၊ နိုင်ငံတကာအလံများတပ်ဆင်/ကိုင်ဆောင်ခြင်း၊ တုတ်၊ ဓားလက်နက်များကိုင်ဆောင်ခြင်းတို့ကိုလည်း မပြုလုပ်ရန်လိုကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်များအနေဖြင့် အိပ်ဇောပိုက်များဖြုတ်ခြင်း၊ လိုင်စင်မဲ့များမောင်းနှင်ခြင်းနှင့် နံပါတ်ပြားများဖြုတ်၍ မောင်းနှင်ခြင်းတို့မပြုလုပ်ရန် တားမြစ်ထားပြီး စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ်မန္တလေးမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့်မတူအောင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ အဓိကလူစည်ကားသည့်နေရာဖြစ်သော မန္တလေးနန်းမြို့ရိုးကျုံးဘေး ကားလမ်းတစ်လျှောက်၊ မန္တလေးကန်တော်ကြီးနှင့် ဦးပိန်တံတားတို့တွင် လုံခြုံရေးတိုးမြှင့်ချထားသွားမည်ဖြစ်ပြီး သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် တုတ်၊ ဓားလက်နက်ကိုင်ဆောင်မှုများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အလွန်တင်းကျပ်တားမြစ်ထားပြီး စစ်ဆေးအရေးယူမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးက ပြောသည်။

၂၀၁၃ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းတွင် ယာဉ်မတော်တဆမှု ၃၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၁ ဦးရှိခဲ့ကာ ဒဏ်ရာရသူ ၆၆ ဦးအထိရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းတွင် ယာဉ်မတော်တဆမှုသုံးမှုသာဖြစ်ပွားခဲ့ပြီး သေဆုံးသူမရှိခဲ့ဘဲ ဒဏ်ရာရသူ ၂၃ ဦးသာရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် နည်းပါးခဲ့သည့်အတွက် ယခုနှစ်သင်္ကြန်ကာလအတွင်းမှာလည်း ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရန် အများပြည်သူပူးပေါင်းပါဝင်သွားကြရန်လိုကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းခိုးမှုများ ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၃၀**


ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း ခိုးမှုကျူးလွန်သူများဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းအရ လှိုင်သာယာမြို့နယ်နေ ချစ်စမ်းမောင်(၂၆)နှစ်၊ ဘိုဘိုထွန်း(၂၈)နှစ်၊ စောဘွဲ့ ထူး(၃၈)နှစ်၊ သန်းဝင်း(၃၄)နှစ်တို့ လေးဦးအား မတ် ၁၁ ရက်က လှိုင်သာယာမြို့နယ်အတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့လေးဦးအား စစ်ဆေးရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လအတွင်းက လှိုင်သာယာမြို့နယ်အတွင်းမှ ဆိုင်ကယ်ခုနစ်စီးနှင့် လှည်းကူးမြို့နယ်အတွင်းမှ ဆိုင်ကယ်သုံးစီးတို့အား ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည်။

ထို့ပြင် မတ် ၁၆ ရက်က ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မြင့်နိုင်(၁၉)နှစ်အား မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းမှ ဖမ်းဆီးရမိခဲ့၍ ၎င်းအား စစ်ဆေးရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ညအိပ်ရပ်နားထားသော မော်တော်ယာဉ်များပေါ်တွင် အိပ်ပျော်နေသူ အမျိုးသားများထံမှ လက်ကိုင်ဖုန်း လေးလုံးကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံလက်ကိုင်ဖုန်းများ ပြန်လည်သိမ်းဆည်းကာ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းတွင် အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

(ကြေးမုံ)





ueu u
Eialumi;
alumjim

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်-၁၄၇/ခ၊ မြေကွက်တည်နေရာအမှတ်-၁၄၇/ခ၊ သီရိမင်္ဂလာမြို့ပတ်လမ်းနှင့် ပတ္တမြားလမ်းထောင့်၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးစိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် -၁၄၀/၁၄ဖြင့် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ ၂၆-၁-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီဖြင့် တရားမဇာရီမှုအမှတ်-၅/၁၅တွင် ဘီလစ်ခန့်အပ်သည့် ၅-၂-၂၀၁၅ရက်စွဲ ပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဘီလစ်ဒေါ်ငုဝါ|၁၂/လမန(နိုင်)၀၂၉၆၃၃|မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# မော်ကျွန်း-မအူပင် ကတ္တရာလမ်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ပြီးစီး

**မော်လမြိုင်ကျွန်း မတ် ၃၀**

မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးကားလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုမှာ မတ် ၂၈ ရက်အထိ မော်လမြိုင်မြို့အဝင် တပင်ရွှေထီးတံတားမှ ရာဇူဒိုင်တံတားအမှတ်(၁)အထိ လည်းကောင်း၊ မအူပင်မြို့မှ လှိုင်းတာကျေးရွာအထိ လည်းကောင်း ကတ္တရာလမ်းခင်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီး ကျန်ရှိသော လမ်းအပိုင်းများကိုလည်း လမ်းအထူးအဖွဲ့ အင်ဂျင်နီယာများနှင့် လမ်းလုပ်သားများက နေ့ရောညပါ ကတ္တရာလမ်းခင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် မော်လမြိုင်ကျွန်း- မအူပင်အဝေးပြေး မော်တော်ကားလမ်းအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့ (၄)နှင့် လမ်းအထူးအဖွဲ့(၁၅) တို့က အပိုင်းအလိုက်တာဝန်ယူကာ ကားလမ်းအရှည် ၄၄ မိုင် ၆ ဖာလုံအား ကတ္တရာလမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယခင်ကတ္တရာလမ်း မခင်းမီက မော်လမြိုင်ကျွန်း-မအူပင် လမ်းခရီးမှာ အဝေးပြေးမော်တော်ယာဉ်များဖြင့် ငါးနာရီကျော် ခုတ်မောင်းပြေးဆွဲခဲ့ရသော်လည်း ယခုကတ္တရာလမ်း ၈၀ ရာခိုင်နှုန်းခင်းပြီးချိန်တွင် လေးနာရီခရီးဖြင့် ပြေးဆွဲမောင်းနှင်နိုင်ပြီဖြစ်သည်။

အဆိုပါ မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးမော်တော်ကားလမ်းတစ်ခုလုံး ကတ္တရာလမ်းခင်းပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ အချိန် သုံးနာရီခွဲဖြင့် အရောက် ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**



# တပ်ကုန်းမြို့နယ်တွင် ထင်း ၂၆ ဒသမ ၇၁၆၈ တန်ကို အိမ်ထောင်စု ၂၄၀ သို့ အခမဲ့ဖြန့်ဝေ

**တပ်ကုန်း မတ် ၃၀**

တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုင်းတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သဘာဝတောကျန် ထိန်းသိမ်းကာကွယ် ခြင်းလုပ်ငန်းဧက ၁၀၀၀ ၌ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဧက ၁၀၀ ဆောင်ရွာမှ ထွက်ရှိသော ထင်း ၂၆ ဒသမ ၇၁၆၈ တန်အား မတ် ၂၄ ရက်က တပ်ကုန်းမြို့နယ် ဂွေ့ကြီးကျေးရွာအုပ်စု ကြပ်ချောင်းကျေးရွာ၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဌေးက ဒေသခံပြည်သူ အိမ်ထောင်စု ၂၄၀ အား အခမဲ့ဖြန့်ဝေပေးအပ်ခဲ့သည်။

တပ်ကုန်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနသည် ဒေသခံပြည်သူများ၏ ထင်းလောင်စာလိုအပ် ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောကျန်ထိန်းသိမ်းခြင်း လုပ်ငန်းများကို နှစ်စဉ် လျာထားချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(ကွန်ပျူတာ)**

သစ်တော၊ သစ်ပင်
တို့ချစ်ခင်

# အပူချိန်မြင့်လာ၍ ဝါးကွပ်ပျစ်များ အရောင်းသွက်

**ရေတာရှည် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ရွှေသပြေကျေးရွာသည် ဝါးနှင့်ဝါးထွက်ပစ္စည်း အဓိကရောင်းဝယ်သည့်ကျေးရွာတစ်ရွာဖြစ်ပြီး ယခုရက်ပိုင်းတွင် နေ့အပူချိန်မြင့်တက်ခြင်းကြောင့် အိပ်စက်အနားယူနိုင်သော ဝါးဖြင့်ပြုလုပ်ထားသည့် ကွပ်ပျစ်များ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

"ဝါးနဲ့ ဝါးကတ်တွေကတော့ အရောင်းအဝယ်က ပုံမှန်ပါပဲ။ ခုချိန်မှာကတော့ အပူချိန်ကြောင့် ဝါးကွပ်ပျစ်တွေ အတော်ရောင်းရပါတယ်။ ကားသမားတွေလည်း ဝယ်တယ်။ ဒေသ အတွင်းကလည်း ဝယ်ကြတယ်" ဟု ဝါးကတ်ရောင်းချသူတစ်ဦးက ပြောသည်။

နေ့အပူချိန် မြင့်တက်ခြင်းကြောင့် နေ့ခင်းဘက်အချိန်များတွင် အရိပ်အာဝါသကောင်းမွန်သော နေရာများ၊ လေဝင်လေထွက်ကောင်းမွန်သည့်နေရာများ၌ ဝါးကွပ်ပျစ်များဖြင့်လည်းကောင်း၊ အေးမြသော နှီးချောဖျာများ ခင်း၍လည်းကောင်း အနားယူကာအိပ်စက်အနားယူကြသည်ကိုတွေ့ရသည် ။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရောင်းအားကောင်းနေသည့် ဝါးကွပ်ပြစ်တစ်လုံးလျှင် ကျပ် ၃၅၀၀ ဖြင့်ရောင်းချပေး လျက်ရှိသည်။ **ကိုလွင်(ဆွာ)**

# မိုင်းတုံ၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

**မိုင်းတုံ မတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ဖာချယ်-ပန်ကျိုင်းကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၁၀ နာရီ က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပခဲ့သည်။

ယခုလမ်းသည် ဖာချယ်၊ ပန်ကျိုင်းနှင့် ဟောင်လီကျေးရွာရှိ ဒေသခံပြည်သူတို့၏ ကုန်စည်ကူးသန်းသွားလာရာ အဓိကလမ်းဖြစ်ပြီး ယခင်က မြေသားလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရန်ခက်ခဲကြောင်း၊ ယခုကျောက်ချောလမ်း အဆင့်မြှင့်တင်ပေးသည့်အတွက် ရာသီမရွေးသွားလာနိုင်ကာ ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ရွာသားတစ်ဦးက ပြောသည်။

ယင်းလမ်းသည် အကျယ်၁၂ပေ၊ အရှည် ၆ ဒသမ ၂ ဖာလုံရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၃၄၀ သန်းဖြင့်ဆောင်ရွက်ခဲ့သည်။ **သန်းဇော်(Iprd)**

**GOLDEN STAR** Travels & Tours

☆ ရွှေစက်တော်-ပုဂံ-ပုပ္ပါး-ပခုက္ကူ Apr-12
☆ ပုဂံ-ပုပ္ပါး-ပခုက္ကူ Apr-12,13
☆ မုံရွာ-အလောင်းတော်ကဿပ Apr-11
☆ တောင်ကြီး-အင်းလေး-ဝင်းတာ Apr-12,13,17
☆ မန္တလေး-ပြင်ဦးလွင်-ဇစ်တိုင်း Apr-12,17
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-11,12
☆ ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-ဇတ်ခဲ Apr-11

ကျိုက်ထီးရိုး-ရွှေချောင်းသာ-ငွေဆောင် (နေ့စဉ်)

Ph: 209200, 703448, 430480, 544383, 705968, 09-5081580

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်အမှတ်(၃၅)၊ ဦးပိုင်အမှတ်(၁၇၃)၊ ဧရိယာ(၀. ၁၂၂)ဧက၊ စတုရန်းပေ(၅၃၁၄)ရှိသော မြေကွက်ကို မြေပေးမိန့်အမှတ်(၃၁၀/၁၉၉၁-၁၉)ဖြင့် ၂၆-၄-၁၉၉၁ခုနှစ်တွင် သက်ဆိုင်ရာမှ ဗိုလ်ကြီးတင်မောင်ဝင်း(ABN-108103)၏ အမည်ဖြင့် မြေနေရာချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်ကို တောင်ကြီးမြို့နေ ဦးစိုင်းရီတစ် [၁၃/တကန(နိုင်)၀၇၀၈၇၃]က ဝယ်ယူပိုင်ဆိုင်လျက်ရှိသဖြင့် အဆိုပါမြေကွက်ကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်ပြောင်းခြင်း၊ ဂရန်လျှောက်ထားခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို အထက်ပါ ဝိုင်းမြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၈/၈၄)**
**အိမ်အမှတ်(၃၉၇)၊၁၃-ရပ်ကွက်၊ မြင်းခြံမြို့၊ Ph: 09-2215519, 09-256008510**

ပထမဦးဆုံး ဦးထွန်းဦး+ဒေါ်ဝင်းမာ

## TV (ရန်ကုန်)

အမျိုးသား/အမျိုးသမီး
ကားမောင်းစက်ပြင်သင်တန်း

(၁)မဆလာစက်မှတ်တိုင်ရှေ့
(၂)၉၇/၉၉၊ ဗညားဒလလမ်း၊ (၁၂၄)လမ်းမှတ်တိုင်အနီး
(၃)မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း၊ ဗိုလ်မှူးဗထူးလမ်း။
Ph:09-5041550,09-421150033,09-73044311,
09-42066955,09-260111942(မြောက်ဒဂုံ)
အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင် TV(ရန်ကုန်)နှင့်သင်လိုက်ပါ။

## ဈေးပွဲတော် ဆိုင်ခန်းများစုံစမ်းရန်

ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ Myanmar Culture Valley Shopping Mall ကားပါကင်ဧရိယာတွင် နံနက် ၉နာရီမှ ညဉ့်၉နာရီထိ မြန်မာနှစ်သစ်ကူးအကြိုဈေးရောင်းပွဲတော်ကို(၃. ၄. ၂၀၁၅ မှ ၉. ၄. ၂၀၁၅)ထိ ကျင်းပမည်ဖြစ်ပါသဖြင့် ဆိုင်ခန်းငှားရမ်းလိုသူများ၊ စိတ်ပါဝင်စားသူများဆက်သွယ်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဖုန်း-၀၉-၂၅၀၂၈၃၉၇၆၊ ၀၉-၃၁၀၅၇၈၁၇၊ ၀၉-၂၅၃၅၂၄၈၈၉




## ရောင်းရန်ရှိသည်။

အသုံးပြုနေဆဲ ပလတ်စတစ် PET ဘူးခွံထုတ်စက်(Blowing Machines) ကျူ့ထုတ်စက်၊အဖုံးထုတ်စက်(Injection Machines -260 PET ,380 PETများရောင်းရန်ရှိသည်။ဆက်သွယ်ရန် -၀၁. ၆၁၈၂၉၀ ၊ ၆၁၈၂၉၁ (Ext : 102) သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။

ဆောင်းပါး

# တော်လှန်ရေး၏သမိုင်းအစ တို့ခြေရာ

à ရွှေဘိုသီရိမာလာ

ဝါးရင်းတုတ်ကိုစီနှိမ်နင်းခဲ့ကြသည် အဲဒါ. . . အဲဒါ ဗမာစစ်သည် အဲဒါ. . . အဲဒါ ဗမာစစ်သည် "အညာ တိုင်းပြည်" ကို စိမ်းမောင်ရေ တို့ပါလိုက်ပါရစေ။ ရွှေဘိုမြို့က စိုးစံနေတဲ့ ဦးအောင်ဇေယျပြေ။ အာဇာနည်စစ်သည် ဦးအောင်ဇေယျ၏သီချင်းဖြစ်သည်။ သို့သော် ကျွန်မတို့သည် ငယ်စဉ်ကစားရင်းပါစပ်ထဲက "အဲဒါ. . . အဲဒါ ဗမာစစ်သည် ဟုဆိုညည်း၍ စစ်တိုက်ခြင်းကစားကြသည်။ ကျွန်မသည် စစ်တိုက်ခြင်းကို အလွန်ဝါသနာပါပါသည်။ ကျွန်မတို့ခေတ်က အမျိုးသမီးတွေ စစ်ထဲစဝင်ကြသော ခေတ်ဖြစ်၍ စစ်ထဲဝင်ရန်ပူစာသောအခါ "သေချင်ရင် စစ်ထဲလိုက်"ဟူသော ဆောင်ပုဒ်ဖြင့်ကန့်ကွက်သည်။ ကျွန်မပညာဆက်သင်ရင်း စစ်သားများကို လေ့လာသောအခါ သေသည်ဆိုသည်မှာ စစ်ထဲ မလိုက်သောလူများလည်းသေကြသည်။ စစ်ထဲလိုက်သောသူများလည်း သေချင်မှသေသည်။ စစ်သမီးအမျိုးသမီးများ ဗိုလ်ကြီးမမ ဖြစ်လာသောအခါ အားကျမိသည်။ ကျွန်မက ရွှေဘိုဦးအောင်ဇေယျသွေး။ ဦးအောင်ဇေယျသည် ကုန်းဘောင်ဆက်စစ်သည်တော်များကို အာဇာနည် သတ္တိသွေးပြောင်းမြောက်စံယူလောက်အောင် မျိုးဆက်သစ်မျိုးစေ့ချပေးခဲ့သူသာ တည်း။ မုဆိုးဘိုရွာသား ဦးအောင်ဇေယျသည် ယိုးဒယား(ထိုင်း)မဏိပူရအာသံစသော ပြည်ပတိုင်းပြည်များသို့ ချီတက်တိုက်ခိုက်ရာတွင် ကိုင်စွဲသော လက်နက်များမှာ ဝါးရင်းတုတ်များဖြစ်သည်။ မြန်မာတို့၏ စွမ်းရည်သတ္တိသည် ခဲယမ်းမီးကျောက်မပါစေကာမူ ထူးချွန်ပြောင်မြောက်စွာ အောင်မြင်ခဲ့ကြ၏။ ပုဂံခေတ် အနော်ရထာမင်းသည် တောင်တန်းဒေသ၌ ကင်းတပ်မြို့များတည် ထောင်စောင့်ကြပ်စေ၏။ တိုင်းတစ်ပါးမှ ဝင်ရောက်လာမည့်ရန်သူကို ကာကွယ်ရန်ဖြစ်သည်။ မင်းယဉ်နရသိင်္ခကိုအလွယ်တကူလုပ်ကြံအောင်မြင်သော နရပတိစည်သူသည် အသက်ကာကွယ်ရန် အတွင်းအပြင် အိပ်ဖန်တော်စောင့်များကို ခန့်အပ်ရာမှစ၍ ကိုယ်ရံတော်တပ်များပေါ်ပေါက်ခဲ့၏။ နန်းတော်ကိုလည်း အတွင်းအပြင် စောင့်ကြပ်သော တပ်မတော်ကို တိုးချဲ့ခဲ့သည်။ ထို့ကြောင့် အကာအကွယ်ပေးရာ၌ တပ်မတော်သည် အဓိကသမိုင်းမှ ပါဝင်ခဲ့သည်။ ဘုရင့်နောင်သည် သမိုင်းတွင်သည့် နောင်ရိုးစစ်ပွဲ၌ လှေဖောင်များကိုဖျက်၍ တစ်ဖက်ကမ်းရှိ ရန်သူကို အပြီးအပိုင်ရှုပ်ရှုပ်ချုံချုံ ချေမှုန်းတိုက်ခိုက်ခဲ့၏။ အကယ်၍ ဖောင်များကိုမဖျက်မိပါက မိမိ၏စစ်သားများသည် တစ်ဖက်ရန်သူကို ကြောက်ရွံ့၍လာသည့်လမ်းသို့ ပြန်လည်ကူးခပ်သွားမည်ကို ကြိုတင်သိရှိတော်မူသဖြင့် လှေဖောင်များကိုဖျက်၍ မျှောပစ်ခဲ့သည်။ ဤသည်မှာ တပ်မတော်သားတို့၏ သတ္တိပြောင်မြောက်စွာ အစွမ်းပြခန်းဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းတစ်ပါးသား၏အုပ်စိုးမှုကို နှစ်ကြိမ်တိုင်တိုင်ခံခဲ့ရသည်။ ၁၈၄၂ ခုနှစ်မှစ၍ ရာစုနှစ်တစ်ရာကျော်ကျော်ခန့် မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်၏အုပ်စိုးမှုကို ခံရသကဲ့သို့ ၁၉၄၂ ခုနှစ်မှအစပြု၍ သုံးနှစ်ခန့် ဖက်ဆစ်ဂျပန်၏အုပ်စိုးမှုကို ခံခဲ့ရသည်။ သမိုင်းအစဉ်အဆက် မြန်မာ့တပ်မတော်ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ တပ်မတော်မဟုတ်ဘဲ တစ်မျိုးသားလုံး၏ တပ်မတော်အသွင်ကိုသာ ဆောင်ခဲ့သည်။ မြန်မာ့တပ်မတော်သည် ရှေးအခါကပင် တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းခဲ့သည့် တပ်မတော်ဖြစ်၍ အနော်ရထာမင်းလက်ထက်ကပင် သို့မဟုတ် ဘုရင့်နောင် ကျော်ထင်နော်ရထာလက်ထက်ကဖြစ်စေ ယနေ့မြန်မာနိုင်ငံတော်၌ဖြစ်စေ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းပါဝင်သည့် အမျိုးသားတပ်မတော်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၌ လွတ်လပ်ရေးကြိုးပမ်းမှုတစ်လျှောက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်တပ်မတော် စသည့် တပ်မတော်များတည်ထောင် ဖွဲ့စည်းကာ ပြည်သူလူထု၏ တစ်ခဲနက်ပူးပေါင်းကူညီမှုကိုရ၏။ ၁၉၃၆ ခုနှစ် သခင်နုနှင့် သခင်အောင်ဆန်း စသည်တို့ ခေါင်းဆောင်ကြသော ကျောင်းသားအရေးတော်ပုံသပိတ်တိုက်ပွဲကြီးသည် နယ်ချဲ့သမားတို့ကို ချောက်ချားစေသည်။ ၁၉၃၈ ခုနှစ်တွင်ကား ကျောင်းသား၊ လယ်သမားအလုပ်သမားတို့တစ်စုတစ်ဝေးတည်း လက်တွဲပြီး နယ်ချဲ့သမားကို ရာဇသံပေးခဲ့သည်။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးတွင် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကျဆုံးခဲ့ရ၏။ မန္တလေး အာဇာနည်ခုနစ်ဦးလည်း ကျဆုံးခဲ့သည်။ လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်ပြည်တွင် လျှို့ဝှက်စွာသွား၍ စစ်ပညာသင်ကြားကြသည်။ လွတ်လပ်ရေးတပ်မတော်က နယ်ချဲ့အင်္ဂလိပ် အုပ်စိုးမှုကို တွန်းလှန်တိုက်ခိုက်သကဲ့သို့ မျိုးချစ်တပ်မတော်ကလည်း ဖက်ဆစ်ဂျပန်၏အုပ်စိုးမှုကို တွန်းလှန်တိုက်ခိုက်ခဲ့သည်။


ဗမာ့တပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဖွဲ့စည်းပြီးနောက် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်ဘုရင့် တပ်မတော်နှင့်အတူ ဗြိတိသျှနယ်ချဲ့အား မောင်းထုတ်ရန် မြန်မာနိုင်ငံအတွင်းသို့ စစ်ဆင်ဝင်ရောက်လာခဲ့သည်။ ဂျပန်တပ်မတော်စစ်ဦးစီးဌာနချုပ်၏ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ တွင် အတည်ပြုသည့် မြန်မာနိုင်ငံဆိုင်ရာမူဝါဒသည် နယ်ချဲ့အင်္ဂလိပ်အား မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီဒေသမှ မောင်းထုတ်ပြီးသည်နှင့် ဖွဲ့စည်းရန်ဖြစ်သော လွတ်လပ်သည့်မြန်မာနိုင်ငံ ယာယီအစိုးရကို ဂျပန်နိုင်ငံ အသိအမှတ်ပြုရန် ပင်ဖြစ်သည်။ ၎င်းအပြင် ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် တိုဂျိုက ဂျပန်ပါလီမန်လွှတ်တော်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းတွင် မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏ မဟာအရှေ့အာရှ အထူးစီးပွားရေးလုပ်ငန်းစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ကတိကဝတ် ပြုခဲ့သည်။

သို့ပေမယ့် ဂျပန်ဘုရင့်တပ်မတော်သည် မြန်မာနိုင်ငံကို သိမ်းပိုက်ရေး ထိုးစစ်စတင်ချိန်မှာပင် ဗမာ့လွတ်လပ်ရေးတပ်မတော်အား ၎င်းတို့၏ရုပ်သေးသာသာမျှသာ ဆက်ဆံလာခဲ့သည်။ ဗိုလ်နေဝင်းအပါအဝင် အချို့သော ရဲဘော်သုံးကျိပ်ဝင်များကဆိုလျှင် ဟိုင်နန်ကျွန်း၌ရှိနေစဉ်ကပင် ဂျပန်တို့၏အတွင်းသရုပ်ကို သုံးသပ်အကဲခတ်မိပြီး ဂျပန်တပ်မတော်အား မြန်မာ့မြေပေါ်မှ တစ်ချိန်တွင်မလွဲမသွေတိုက်ထုတ်စစ်ခင်းရမည်ဟု သိရှိခဲ့ကြသည်။ ဖက်ဆစ်တို့၏ ကြမ်းကြုတ်ယုတ်မာရက်စက်မှုကို သိရှိခံစားလာပြီး "နောက်လာတဲ့မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ"သော ဂျပန်ဖက်ဆစ်ဟု သိရှိခဲ့ကြ၏။ နောက်ပိုင်းတွင် ဂျပန်တပ်မတော်သည် မြန်မာပြည်ယာယီအစိုးရဖွဲ့စည်းရေးကို ခွင့်မပြုတော့ဘဲ ဂျပန်စစ်ဘက်အုပ်ချုပ်ရေးဖွဲ့စည်းကြေညာခဲ့ခြင်းဖြင့် ကတိကဝတ်များကို ဖောက်ဖျက်လာခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ကိုယ်စားလှယ်များက ရန်ကုန်မြို့အား သိမ်းပိုက်နိုင်သည့်တိုင်တောင် ဂျပန်တို့သည် မြန်မာအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခွင့်မပြုဘဲ ဂျပန်စစ်အုပ်ချုပ်ရေးကို ဖွဲ့စည်းခဲ့ပြန်သည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံသို့ ရောက်ပြီးသောအခါ မျိုးချစ်စိတ်ပြည့်ဝသော ဗမာ့သားကောင်းရတနာများ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ရာ အင်အား ငါးသောင်းမျှရှိခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ယနေ့တပ်မတော်၏ ရှေးဦးအဖွဲ့အစည်းဖြစ်သည်။ ဗမာ့တပ်မတော်၏ တောင့်တင်းသော အင်အားကို ဖက်ဆစ်ဂျပန်များက အန္တရာယ်ပြုမည်ဟုမြင်လာသောအခါ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်ကို အင်အားသုံး ထောင်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သဖြင့် ပြည်သူနှင့် ဗမာ့တပ်မတော်များမှာ ပင်ပန်းဆင်းရဲမှုအမျိုးမျိုး၊ နှိပ်စက်ညှဉ်းပန်းမှုအမျိုးမျိုးကြားမှ နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ဂျပန်ထံမှ စစ်ပညာကို သင်ခဲ့ရသည်။ မြန်မာတစ်ပြည်လုံး ဖက်ဆစ်ဂျပန်တို့၏ မုဒိမ်းကျင့်၊ ပစ္စည်းယူ- လူသတ်၊ အလူးအလဲခံကြရသည်။ အင်္ဂလိပ်ကျားကိုကြောက်၍ ဂျပန်ရှင်ကြီးကို ကိုးကွယ်မိရာ ရှင်ကြီးသည် ကျားထက်ဆိုးလေသည်။

ဂျပန်တပ်မတော်သည် မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ရန်ဆုံးဖြတ်ခဲ့စဉ် ယင်းတို့၏ အဓိက ရည်မှန်းချက်မှာ တရုတ်ပြည်၌ ဖြစ်ပွားနေသော စစ်ပွဲတွင် ဂျပန်တို့နှင့် တရုတ်ကွန်မြူနစ်အင်အားစုများကို စစ်ဆင်တိုက်ခိုက်လျက်ရှိသော ဗိုလ်ချုပ်ကြီးချန်ကေရှိတ်၏ ကူမင်တန်အင်အားစုများအား အနောက်နိုင်ငံများက ထောက်ပံ့လျက်ရှိသည့် မြန်မာ-တရုတ်ထောက်ပံ့ရေးလမ်းကြောင်းကြီးအား ဖြတ်တောက်ပိတ်ဆို့ရန်ဖြစ်သည်။ သို့သော် ဂျပန်ဘုရင့်တပ်မတော်သည် လွတ်လပ်သော မြန်မာနိုင်ငံဖြစ်ပေါ်လာစေရန် ဆန္ဒမရှိ၊ မြန်မာနိုင်ငံအား ဒုတိယကမ္ဘာစစ်ပွဲကြီးတွင် ဂျပန်နိုင်ငံ၏ စစ်ရေးလုပ်ငန်းစဉ်လိုအပ်ချက်များအတွက် အတင်းအကြပ်အသုံးချရန် အပြည့်အဝ လုပ်ဆောင်လာသည်။ မြန်မာနိုင်ငံအား အမြတ်ထုတ် ပြီး စစ်ပွဲတိုက်ခိုက်ရေးအတွက် အနိုင်ကျင့်အသုံးချရန် စီမံလာသည်။

**ဆက်လက်ဖော်ပြပါမည်။**

> ပြည်ပတိုင်းပြည်များသို့ ချီတက်တိုက်ခိုက်ရာတွင် ကိုင်စွဲသော လက်နက်များမှာ ဝါးရင်းတုတ်များဖြစ် . . .










# ဖြူးမြို့နယ် မြို့နယ်ခန်းမသစ်ကြီး တည်ဆောက်မှု ၆၀ ရာခိုင်နှုန်းခန့်ပြီးစီး



**ဖြူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးမြို့ မြို့မအနောက်ရပ်ကွက် (၄) လမ်း နှင့် (၃) လမ်းကြား၊ (၁၁) လမ်းနှင့် (၁၂) လမ်းကြားရှိ ယခင်မြို့နယ်ခန်းမဟောင်းနေရာတွင် မြို့ကျက်သရေဆောင် မြို့နယ်ခန်းမ သစ်ကြီးအဖြစ် ဆောက်လုပ်လျက်ရှိရာ မတ် ၂၉ရက်တွင် ၆၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့နယ်ခန်းမအား ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၆ရက် က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပပေးခဲ့ပြီး အလှူရှင်များ၏ စုပေါင်းအလှူငွေ ကျပ်သိန်းပေါင်းငါးထောင်ခန့် အကုန်အကျခံ၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၇ရက် က စတင်ကာ Aroma Rose Co.Ltd ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်ခဲ့သည်။ ယင်းအဆောက်အအုံမှာ အလျား ၁၆၀ ပေ ၊အနံ ၉၀ ပေ ၊ အမြင့် ၂၂ ပေရှိ တစ်ထပ်အဆောက်အအုံ ဖြစ်သည်။

**ဖြူးမြင့်ဦး**

# ဓာတ်မြေဩဇာ အချိုးကျစနစ် သုံးစွဲရေး နည်းပညာပေး

**ရေကြည် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအုပ်စု၌ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ ဆန်စပါးသီးနှံထုတ်ကုန် အရည်အသွေးမြှင့်တင်ရေးနှင့် ဓာတ်မြေဩဇာ အချိုးကျစနစ်တကျသုံးစွဲရေး နည်းပညာသင်တန်းကို မတ် ၂၈ ရက် နံနက် ၈ နာရီခွဲအချိန်တွင် ဆီဆုံကျေးရွာ အမကကျောင်း၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ရေကြည်မြို့နယ်ဒု မြို့နယ်အုပ်ချုပ် ရေးမှူး ဦးစိုးညွှန်းရွှေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပြည်ပရေးရာဌာနမှူး ဦးစိုးဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် တောင်သူများ ဆန်စပါးများကို ပြည်ပဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးလှမြင့်က စားသုံးသူကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေး တာဝန်ခံဒေါ်ဌေးဌေးဝင်းမှ ဓာတ်မြေဩဇာသုံးစွဲပုံသုံးစွဲနည်းနှင့် စိုက်ကွင်းမြေများ၌ မြေဩဇာများ သုံးစွဲရာတွင် လိုင်စင်ရေနှင့် အာမခံချက်ရှိသော အရောင်းဆိုင်များတွင် သာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကုန်သွယ်ရေးမြှင့်တင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးသိန်းက ဆန်စပါးသီးနှံ ထုတ်ကုန် အရည်အသွေးမြင့်မားရေးအတွက် အကြံပြုဆွေးနွေး ကာ ယင်းသင်တန်းသို့ ဌာနဆိုင်ရာ အကြီးအကဲများ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

# ဈေးမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရန် ဒက္ခိဏသီရိဈေးတွင် မီးငြှိမ်းသတ်မှု သရုပ်ပြ

**နေပြည်တော် မတ် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိဈေးတွင် ဈေးမှတစ်ဆင့် မီးလောင်မှု မဖြစ်ပွားစေရေးနှင့် ဈေးသူဈေးသားများ မီးငြှိမ်းသတ်မှုတတ်မြောက်စေရန် လက်တွေ့သရုပ်ပြမှုအား မတ် ၂၆ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဌေးဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယလက်ထောက်အင်ဂျင်နီယာ ဦးသူရိန်မင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးဝင်းတို့က ဈေးဆိုင်ခန်းများ လျှပ်စစ်စနစ်တကျသုံးစွဲမှု မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုတို့အား စစ်ဆေးရာ ဈေးတာဝန်ခံ ဦးမောင်မောင်လွင်က ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မီးသတ်ယာဉ်နှင့် မီးငြှိမ်းသတ်သရုပ်ပြမှု၊ မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်သရုပ်ပြမှု၌ဈေးသူဈေးသားများကိုယ်တိုင်ပါ ဝင်လက်တွေ့သရုပ်ပြသခဲ့သည်။ **ကိုကိုရူပ**

# အိမ်မဲ၌ တစ်အိမ်ထောင်စနစ်သုံး ဆိုလာပြားများ ပေးအပ်ပွဲကျင်းပ

**အိမ်မဲ မတ် ၃၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တစ်အိမ်ထောင် စနစ်သုံး ဆိုလာပြားများလွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီးအိမ်မဲမြို့ အင်းတမိသက်ကယ်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က အဖွင့်အမှာစကား ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးက အင်း တမိကျေးရွာအုပ်ချုပ်ရေးမှူး ထံသို့ လုပ်ငန်းအပ်နှံလွှာများ ပေးအပ်ခဲ့သည်။အဆိုပါ ပေးအပ်ပွဲတွင် ဆိုလာပြား ၄၇၄ချပ်၊ ဘက်ထရီ ၂၃၄ လုံး၊မီးလုံး ၄၆၈ လုံးပေးအပ်ခဲ့ပြီး စုစုပေါင်းတန်ဖိုး၄၇သိန်း လေးသောင်းကျပ် ဖြစ်သည်။ **သန်းအောင် (ပြန်/ဆက်)**

# ဝေါမြို့တွင် သင်္ကြန်ကာလ အန္တရာယ်ကင်းရှင်းရေး ဟောပြော

**ဝေါ မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ မတ် ၂၇ ရက် နံနက် ၁၁နာရီတွင် သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် ခိုးမှု၊ ဆိုးသွမ်းမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှုများ ဖမ်းဆီးအရေးယူခြင်းများ၊ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွစေသော ဆေးဝါးများ သုံးစွဲရောင်းဝယ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးတို့မှ ဝန်ထမ်းများ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ လူမှုရေးအဖွဲ့အစည်းများ ရပ်မိရပ်ဖများနှင့် နယ်မြေခံမီဒီယာများ လိုက်ပါလျက် ဆေးဆိုင်ပိုင်ရှင်များအား တွေ့ဆုံကာ ပညာပေးဟောပြောခြင်းများ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များနှင့် Facebook များတွင် ထည့်သွင်းဖော်ပြ နိုင်ရေးအတွက် ဝေါမြို့ နယ်ရဲတပ်ဖွဲ့မှူး ကိုယ်တိုင်လိုက်ပါလျက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘုန်းသော်(ဝေါ)**

POSSIBLE TRAVELS & TOURS
Scania ကား | 3* Hotel | Restaurant
Ph: 01-706716, 01-372795, 09-250790919, 09-259257823

MIHARA CAR RENTAL SERVICES
မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစီးလုံးငှား
ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။
(၅/၁၅/၂၂/၂၅/၃၄ယောက်စီး)
ဖုန်း-၀၉-၄၉၂၁၈၇၀၀၊ ၀၉-၅၀၂၅၄၀၀၊ ၀၉-၅၀၆၁၈၉၆

NT Car Rental 09 73139320 01 661668
ခရီးစဉ်မျိုးစုံနှင့်လချုပ်
ကားမျိုးမျိုးငှားရန်ရှိသည်
ယာဉ်ပိုင်ရှင်များအားဖိတ်ခေါ်ပါသည်

ဆုံသစ္စာ
Ph: 0973174066
095504667

တူးပို့ တူးပို့
09 4333 4111, 01 682844
09 4333 4222, 01 682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

ကိုညာဏ် KO NYAN
Car Rental & Travel Service
09-5078440,01-551649,01-209183

y*-anmi0;-yy;-ycul
(4N/5D)
April 12 ညထွက်၊ 16 ပြန်ရောက်
တစ်ဦး(170000)
Amazing Myanmar Travel & Tour
Ph:09-5097525, 09-254418718,
09-30295559

B.L.T Travels
သင်္ကြန်အထူးခရီးစဉ် Apr12
ပုဂံ၊ ပုပ္ပါး၊ ပဒုက္ကူ(ဘဆင့်မြင့်) 140000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး
09-73163538, 09-31785622

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

ငွေဆောင်သင်္ကြန်
120000/
Ph: 09-4210 78600
09-252641923

ဟိုက်ဂြောလစ်/လေဖိအား
Fully Auto
09 420035 882, 09 73199 410
09 420035 884, 09 73199 257

ဈေးအသက်သာဆုံး
ဆောက်လုပ်ရေးလုပ်ငန်းသုံး
SIZE
4 ပေ 8 ပေ
5 ထပ်သား - 7 mm
7 ထပ်သား - 10 mm
12 ထပ်သား - 18 mm
ရေစိုခံ အကျစ်သား
ငါးထပ်သား ရပြီ။
အကြိမ်များစွာ ပြန်လည်အသုံးပြုနိုင်သည်။
HEIN ENGINEERING CO., LTD.
HEAD OFFICE - No. 12, Marlar Myaing Street, Yankin Township, Yangon, Myanmar.
Tel : 95-09-49306330, 01-549516, 546517, 8603596, 8603597.

## ၂၀၁၅ ခုနှစ် ဧပြီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ကိုးရက်မှ ၁၂ ရက်ခန့်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။ **မိုး/ဇလ**

# ခြံဝန်းအတွင်းမြေတူးစဉ် ရှေးဟောင်းစေတီတစ်ဆူနှင့် နဂါးရုပ်တွေ့ရှိ



**နတ်တလင်း မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သရက်တစ်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးသည် ခုံးတံတားဆောက်လုပ်ရေးအတွက် အုတ်ဖုတ်ရန် ၎င်း၏ခြံဝန်းအတွင်း မြေတူးစဉ် ရှေးဟောင်းစေတီတစ်ဆူနှင့် နဂါးရုပ်တွေ့ရှိသဖြင့် သက်ဆိုင်ရာများကို အသိပေးအကြောင်းကြား တင်ပြခဲ့သည်။

ယင်း၏ တင်ပြချက်အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်မြို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးကျော်၊ ရှေးဟောင်းသုတေသန သင်တန်းကျောင်း ဦးစီးအရာရှိ ဦးထွန်းထွန်းအေး၊ နည်းပြ ဦးမာန်သစ်ငြိမ်းတို့ လာရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် စေတီမှာ ၁၉ ရာစု ကိုလိုနီခေတ်က ဖြစ်ပြီးနှစ်ပေါင်း ၂၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော စေတီတစ်ဆူဖြစ်ကြောင်းသိရပြီး ယင်းစေတီမှာ ကိုးတောင်းပြည့်စေတီဖြစ်၍ နဂါးရုပ်ထုမှာ အုတ်အလွှာ ၁၆ လွှာနှင့် အုတ်တစ်တန်းအထူမှာ (၀ ဒသမ ၈၀ မီလီမီတာ) ရှိပြီး အုတ်ပေါက်တြိဂံပုံမှာ (၀ ဒသမ ၅၀ မီလီမီတာ)ရှိသည်။

မြေပြင်မှစေတီပစ္စယံမှာ (၁ ဒသမ ၂ မီလီမီတာ) နဂါးကိုယ်ထည်မှ မြေပြင်အထိ (၁ ဒသမ ၇ မီလီမီတာ) ကွာပြီး အုတ်ချပ်မှာ အလျား ၁၁ လက်မ၊ အနံ ၅ ဒသမ ၂ လက်မ၊ ထု ၁ ဒသမ ၇ လက်မ ရှိသည်။

မတ် ၂၈ ရက်တွင် ၎င်းစေတီ ပတ်လည်ကို ဆက်လက်တူး ဖော်ရာငွေဖြင့် သွန်းလောင်းပြုလုပ်ထားသော ဘုရားဆင်းတုတော်နှစ်ဆူ၊ ခေါင်းလောင်းတစ်ခု၊ သစ်မြစ်မှ လက်ဝါးပုံသဏ္ဌာန်ဖြစ်ပေါ်နေသော ပစ္စည်းတစ်ခု ခြသေ့်ရုပ်တစ်ခု၊ နဂါးအုတ်ရိုးနှစ်ခုတို့အား ထပ်မံတွေ့ရှိရ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများ၊ လေ့လာသူများဖြင့် စည်ကားနေကြောင်း သိရသည်။

**ဝ၇၁**

# မိုင်းအန္တရာယ် အသိပေးရာတွင် သုံးမည့်ပစ္စည်းများအားစမ်းသပ်

**မြိတ် မတ် ၃၀**

မိုင်းအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများအား အသိပညာပေးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းများ(မူကြမ်း)ကို ကွင်းဆင်းစမ်းသပ်ရန်အတွက် ယူနီဆက်မှအဖွဲ့ဝင်ခုနှစ်ဦးနှင့် မြိတ်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်စိမ်းလဲ့ရည်နှင့် ဝန်ထမ်းတစ်ဦးတို့သည် မတ် ၂၈ ရက် နံနက် ၉ နာရီမှစ၍ မြိတ်မြို့မှ တနင်္သာရီမြို့နယ်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးအဖွဲ့သည် တနင်္သာရီမြို့နယ် သဘော့လိတ်ကျေးရွာ၊ ဘန်းလော်ကျေးရွာနှင့် ဘုတ်ပြင်းမြို့နယ် မနိုးရုန်းကျေးရွာများသို့ သွားရောက်ပြီး ကွင်းဆင်းစမ်းသပ်ကာ အသက်ရှစ်နှစ်မှ အသက် ၁၂ နှစ်၊ အသက် ၁၃ နှစ်မှ အသက် ၁၈ နှစ်စသည်ဖြင့် အသက်အရွယ်အုပ်စုအလိုက်အမျိုးသား၊ အမျိုးသမီး ခွဲခြားကာ မိုင်းအန္တရာယ် အသိပညာပေးခြင်း၊ အုပ်စုအလိုက်ဆွေးနွေးခြင်း (Focus Group Discussion) နည်းကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့အနေဖြင့် ကျေးရွာနေပြည်သူများကြား မိုင်းအန္တရာယ်နှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဧပြီ ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြိတ်ခရိုင်ပြန်/ဆက်)**

# ထွက်နှုန်းအနည်းငယ်လျော့သော်လည်း မြေပဲများဈေးကောင်းရနေ

**ရေတာရှည် မတ် ၃၀**

ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မြေပဲစိုက်ခင်းများအား တောင်ပေါ်ဒေသ ယာစိုက်ခင်းများတွင် အဓိကစိုက်ပျိုးကြကာ ယခုနှစ်တွင် ကြွက်များတူးဖော်စားသောက်ခြင်းကြောင့် ထွက်နှုန်းလျော့ကျသော်လည်း ဈေးနှုန်းကောင်းမွန်မှုကြောင့် အဆင်ပြေလျက်ရှိကြောင်း တောင်ငူမြို့နယ် ဝက်ခေါက်စိန်ကျေးရွာနေ တောင်သူ ဦးသိန်းမြင့်က ပြောသည်။

"ကျွန်တော်ခု မြေပဲသိမ်းတာ တင်း ၄၀၀ ကျော်ရသွားပြီ နောက်ထပ်တင်း ၄၀၀ ကျော်လောက်ရဦးမယ်ထင်တယ်။ ကြွက်တွေက တအားကိုက်တာ။ အခင်းတိုင်းလိုလိုကိုက်တာ အထွက်ကတော့ မနှစ်ကထက်စာရင် လျော့သွားတယ်လို့ပြောရမယ်။ ဒါပေမယ့် မြေပဲဆန် တစ်ပိဿာကို ကျပ် ၁၉၀၀ ကနေ ခု ကျပ် ၂၅၀၀ အထိ တက်လာတော့ ပဲစိုက်သူတွေအဆင်ပြေကြပါတယ်"ဟု ဦးသိန်းမြင့်က ဆက်လက်၍ ပြောသည်။

မြေပဲစိုက်ခင်းများကို တောင်ငူမြို့နယ်၊ ဝက်ခေါက်စိန်ကျေးရွာအုပ်စု ရေတာရှည်မြို့နယ်တွင် စကွေး(မရိုးခုံ) ကျေးရွာအုပ်စုများအပြင် စစ်တောင်းမြစ်ကြောင်းတစ်လျှောက်တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

အလင်းရောင် General Services ၏ Special Guide Center

Self Study

Special Guide

Ph : 09-258852405,09-258852406,09-258852407

Virgin Land

ငွေဆောင် (3D/2N) 80000/-

ချောင်းသာ (3D/2N) 98000/-

ပေါ်လမြိုင်-ကျိုက်ထီးရိုး-စက်ခဲ (3D/2N) 105000/-

(6D/5N) 290000/-

STARFISH

SIYB

2015 မှာ မိမိကိုယ်ပိုင်လုပ်ငန်းစတင်ဖို့ စဉ်းစားနေပါသလား .....

Entrepreneurship Course : Start Your Business

(ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းစတင်ခြင်းစီမံခန့်ခွဲမှုသင်တန်း)

သင်တန်းတက်ရမည့်ရက် : April 25,26 & May 2,3,6 (၅)ရက်

သင်တန်းချိန် : မနက်(၉)နာရီမှ ညနေ(၄)နာရီအထိ

STARFISH is a strategic partner of the ILO's SME Support and Development Project in Myanmar

Ph : 09-253179825 , 09-47080671

EASTERN SHINNING STAR

Travels & Tours

01 392685 09-73157452, 09-252852063, 09-261773371

တက္ကသိုလ်ဝင်တန်း ဖြေပြီးပြီဆိုရင် ဒီပွဲကို တက်ဖြစ်အောင် တက်ပါ...

ဟောပြောမည့်ခေါင်းစဉ်

ဟောပြောမည့်သူ - ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ) (CEO, Myanmar's Land Institute)

ဟောပြောမည့်နေရာ - Myanmar's Land Institute ၊ တော်ဝင်စင်တာ (၃) လွှာ၊ ရန်ကုန်မြို့

ဟောပြောမည့်နေ့ရက်/အချိန် - ၃-၄-၂၀၁၅၊ (သောကြာနေ့)၊ နံနက် (၁၀:၀၀) နာရီမှ မွန်းလွဲ (၂:၀၀) နာရီ။

Organized by

Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)

Can Contact : 548500, 098628594, 0943121060, 095010014, 0932350785 website : www.lynnthaiknyunt.com

Ticket Fee 8000 K

Limited Seats

**လူပျောက်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၁၄)နေ မောင်မြင့်ကျော်စွာထွန်း (၁၃)နှစ်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၀၀၃၃၉၊ ၀၉-၂၅၀၀၀၁၇၈၄

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်-၉၀/၉၁(ဘီ) မြေညီထပ်တွင် နေထိုင်သူ ဦးသော်ဦး[၁၀/မလမ(နိုင်)၁၈၀၉၇၈] မန်နေဂျင်းဒါရိုက်တာ မေယသော်ဦး ကုမ္ပဏီလီမိတက်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်-၂၀၁၅ခုနှစ်၊ စာချုပ်အမှတ်-၂၀၇၈(၅-၂-၂၀၁၅)ရက်စွဲဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

CLEONE

ကလီယိုနေ

အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် လက်သည်းဆိုးဆေးနှင့် လက်သည်းဖျက်ဆေးအမျိုးမျိုးတို့ကို သီးခြားအမှတ်အသား အသီးသီးအသုံးပြုလျက် ယင်းတို့ကိုထည့်သွင်းအသုံးပြုသည့် စက္ကူအိတ်များ၊ ပလတ်စတစ်အိတ်များ၊ ပါကင်ဘူးအမျိုးမျိုး စသည်တို့အပေါ်တွင် ယင်းတံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီး လက်သည်းဆိုးဆေးနှင့် လက်သည်းဖျက်ဆေး ထည့်သွင်းအသုံးပြုသည့် ပစ္စည်းများပေါ်တွင် ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်း မူပိုင်ရောင်းချလျက်ရှိပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော လက်သည်းဆိုးဆေးနှင့် လက်သည်းဖျက်ဆေးများနှင့် ကုန်အမှတ်တံဆိပ်တို့ကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်စော(စဉ်-၇၀၇၂)

တရားလွှတ်တော်ရှေ့နေ။

တိုက်-၇၊ အခန်း-၈၊ လမ်းသစ်ရိပ်သာ၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

# မိုးလုံလေလုံအားကစားရုံနှင့် မိုးလုံလေလုံ ရေကူးကန် အဆောက်အအုံ တည်ဆောက်မှုပြီးစီး



**ရန်ကုန် မတ် ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ မိုးလုံလေလုံ အားကစားရုံအဆောက်အအုံ တည်ဆောက်မှုပြီးစီးနေပြီဖြစ်ပြီး အတွင်းပိုင်း လျှပ်စစ်မီးနှင့် ရေပိုင်းဆိုင်ရာများပြီးစီးပါက ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ တော်ဝင်ကမ္ဘာဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော အလျား ၁၂၀ ပေ၊ အနံ ၆၆ ပေရှိ မိုးလုံလေလုံ အားကစားရုံနှင့် အလျား ၁၉၀ ပေ၊ အနံ ၆၁ ပေရှိ မိုးလုံလေလုံ ရေကူးကန်တို့အား ၂၀၁၃ ခုနှစ် အောက်တိုဘာတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ၌ အဆောက်အအုံ ဆောက်လုပ်မှုပြီးစီးခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းသည် ယခင် မိုးလုံလေလုံ အားကစားရုံတစ်ရုံသာရှိခဲ့ပြီး ယခု မိုးလုံလေလုံ အားကစားရုံနှင့် မိုးလုံလေလုံ ရေကူးကန်အသစ် ထပ်မံတိုးချဲ့ တည်ဆောက်ပေးခဲ့ခြင်းကြောင့် မိုးလုံလေလုံ အားကစားရုံနှစ်ရုံ၊ မိုးလုံလေလုံ ရေကူးကန်တစ်ရုံ စုစုပေါင်း သုံးရုံရှိပြီဖြစ်ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## နွေရာသီ ယဉ်ကျေးလိမ္မာ၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း ကျွန်းလှမြို့တွင် ဖွင့်လှစ်

**ကျွန်းလှ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ နွေရာသီယဉ်ကျေးလိမ္မာ၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီက အ. ထ. က ကျွန်းလှခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဝိသုဒ္ဓါရုံဗြဟ္မဝိဟာရကျောင်းတိုက် ဆရာတော် ဦးဓမ္မသာရက ဩဝါဒစကားမိန့်ကြားပြီး အ. ထ. က ကျွန်းလှကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းတွင် ၁၀၀ ဦး၊ အင်္ဂလိပ်စာသင်တန်းတွင် ၅၀ ဦးနှင့် ကွန်ပျူတာသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၄၀ တို့ တက်ရောက်ကြသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာ၊ ဆရာမများကိုလည်း အင်္ဂလိပ်သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မကွေးမြို့တွင် မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မကွေး မတ် ၃၀**

မကွေးမြို့ မြင်သာရပ်ကွက် မဲထီးလမ်းရှိ အ. ထ. က (၂) ကျောင်းတွင် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းဟန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် မြို့နယ်ရဲမှူး ရဲမှူးဇော်ဌေးဦးတို့က မှုခင်းအသိပညာပေးဆွေးနွေးပြောကြားကြသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သိန်းက မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေးခြင်း၊ မကွေးမူးယစ်(အထူး)အဖွဲ့မှ ဒုရဲမှူးညွန့်ဝင်းက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပြောကြားခြင်း၊ မကွေးလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်ခင်နွေဝင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အသိပညာပေးပြောကြားခြင်း၊ မကွေးယာဉ်ထိန်းအမှတ်(၄)မှ ဒုတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးအောင်နိုင်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲသို့ မကွေးမြို့ပေါ်ရှိ ရပ်ကွက် ၁၅ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ စုစုပေါင်း အင်အား ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျ**

## နတ်တလင်းမြို့နယ် ပျဉ်းမကုန်းအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းပြီ

**နတ်တလင်း မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စု လယ်တာငယ်ရွာ၊ ပျဉ်းမကုန်းရွာနှင့် ဆင်သေကုန်းကျေးရွာတို့တွင် မတ် ၂၁ ရက် နံနက် ၉ နာရီမှစ၍ လျှပ်စစ်မီးလင်းနေပြီဖြစ်ကြောင်း ဒေသခံရွာသားတစ်ဦး ပြောစကားအရ သိရသည်၊

"ကျွန်တော်တို့ကျေးရွာအုပ်စု လျှပ်စစ်မီးရရှိရေး၊ မီးလင်းရေးများအတွက် ကုန်ကျငွေကျပ်သိန်း ၁၈၀၀ ကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ သိန်းသန်းချီကုမ္ပဏီပိုင်ရှင် ဦးကျော်ဝင်းက ဇာတိမွေးရပ်မြေကို ကျေးဇူးဆပ်တဲ့အနေနဲ့ လှူဒါန်းခြင်းဖြစ်ပါတယ်။ ရွာသူ၊ ရွာသားများနဲ့ မီးလင်းရေးကော်မတီအဖွဲ့တွေကလည်းလိုအပ်တဲ့ လုပ်အားဒါနတွေကို ဝိုင်းဝန်းလုပ်ဆောင်ပေးကြပါတယ်။

'ယခင်အခြေအနေက မီးလင်းရေးမှာအခက်အခဲရှိနေတဲ့အတွက် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်းက ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံပွဲမှာ မီးလင်းရေး အခက်အခဲတွေကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူတွေ ညှိနှိုင်းဆောင်ရွက်ပေးတဲ့အတွက် အခုလောလောဆယ် ရွာလမ်းမီးများလင်းနေပြီး လူနေအိမ် ကတော့ မီးကြိုးနဲ့ အိမ်သုံးမီတာတပ်ဆင်ပြီးလို့ အိမ်ခြေ ၄၀ အရင်စပြီး မီးလင်းနေပါပြီ။ ကျန်တဲ့ အိမ်တွေကိုလည်း အိမ်တွင်းမီးကြိုးများ၊ မီတာများ တပ်ဆင်နေပါပြီ။ မကြာမီအိမ်တွေအားလုံး မီးလင်းတော့မှာဖြစ်ပါတယ်" ဟု ကျေးရွာမီးလင်းရေးကော်မတီမှ ဦးဝင်းနိုင်က ပြောသည်။

လျှပ်စစ်မီးကို တာပွန်-ရေကြည်ကျေးရွာအုပ်စုမှ 11KV ကြိုး (၄ ဒသမ ၂ မိုင်) နှင့် 400V လိုင်းက တစ်မိုင် ဆောင်ရွက်ထားခြင်းဖြစ်ပြီး၊ 200KVထရန်စဖော်မာတစ်လုံး ထိုင်ထားကြောင်း၊ လျှပ်စစ်မီးဖြင့် ထိတွေ့မှုနည်းသော ဒေသခံပြည်သူများအတွက်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ အသုံးပြုရေးတို့ကို အသိပညာပေးဆွေးနွေးပြောကြားပြီးဖြစ်ကြောင်း၊ လျှပ်စစ်အန္တရာယ်သတိပြုဖွယ်ဆိုင်းဘုတ်များကိုလည်း လိုအပ်သည့်နေရာများတွင် ချိတ်ဆွဲထားပြီးဖြစ်ကြောင်း တာပွန်လျှပ်စစ်မှူးက ပြောသည်။

လယ်တာငယ်နဲ့ ပျဉ်းမကုန်းရွာတွင် အိမ်ခြေ ၂၀၀၊ ဆင်သေကုန်းရွာတွင် ၂၁၆ အိမ်ရှိကြောင်း သိရသည်။

**(၀၇၁)**

## တစ်ချက်တည်းကျင်းဝင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီ၊ မြို့တော်ဂေါက်ကွင်း၊ ငွေသော်တာကွင်း၌ ၂၅-၃-၂၀၁၅ ရက် ၁၇း၀၅နာရီတွင် ဂေါက်ရိုက်ကစားနေစဉ် ကျင်းအမှတ်(၅)၌ (၁၅၄)ကိုက်အကွာမှ Tour special No-2ဘောလုံးကိုIron No.7တုတ်ဖြင့် ဦးဇော်ညီညီကျော်မှ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

**စာအုပ်စာပေ လှူမိတ်ဆွေ**

ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း
Apr-11, 12
Mar 27
May 01
May 01

562829,09-73198239
569782,09-450006779
Apr12
Hotel & Restaurant 140000

ဆရာရှင်မင်း(B.A)
အကြားအမြင် မနေ့ာစွမ်းအား
09-421164758,09-425028226

STARFISH
Enroll Now !!
English (4 skills) ကို အချိန်တိုအတွင်း confidence ရှိရှိ ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်စေရန်အတွက်
Level 1, 2, 3, 4, 5 တန်းခွဲသစ်များအားလုံး ဧပြီ (၂၇) စမည်။
Ph : 09-47080671, 09-253179825

(၄-လ)အတွင်းကျွမ်းကျင်စွာပြောနိုင်ရမည်။
P.E.S. PRACTICAL English Speaking
1. အခြေခံ Speaking & Grammar (၄-လ)
2. Grammar ( Advanced ) (၄-လ)
3. Reading & Vocabulary (၄-လ)
4. Phonetics (၂-လ)
236 (3C), Yadanar street, Myaynigone, Sanchaung Township, Yangon. 516503/503984

Power Group Trading Co.Ltd;
ပါရမီ mobile centre
Parami Power Mobile Centre ၏ နှစ်သစ်ကူးအကြို အမှတ်တရမေတ္တာလက်ဆောင်များနှင့်အတူ " ရင်ခုန်ဖွယ်ကံစမ်းမဲ အစီအစဉ် "
( 31.3.2015 ) အင်္ဂါနေ့ မှ (6.4.2015) တနင်္လာနေ့အထိ
Power Mobile Centre တွင် Handset တစ်လုံးဝယ်ယူလျှင် သကြ္န်အမှတ်တရလက်ဆောင်ပစ္စည်းများ ရရှိမည့်အပြင် Handset (5) မျိုးအား ကံစမ်းမဲကူပွန်စနစ်ဖြင့် မဲဖောက်၍ ရရှိနိုင်မည့်အခွင့်အရေး
Ipad Air wifi
Samsung Tablet
Honor 3C
M 100
Acer Z 200
အမှတ်-၆၆ ၊ ပါရမီလမ်း ဝေဇယန္တာလမ်းနှင့် သုမင်္ဂလာလမ်းကြား တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့
ဖုန်း - 09-91010000 , 01-572054

— သတင်းဆောင်းပါး —

# တောင်သူလယ်သမားများ သားစဉ်မြေးဆက် ဘဝအာမခံချက်ရရှိရန် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရန်လိုအပ်

**မကွေး မတ် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သော အကြောင်းအရာများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှစ၍ ပညာပေးဖြန့်ဝေလျက်ရှိကြောင်း၊ အဆိုပါလယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သော အကြောင်းအရာများတွင် လယ်ယာမြေဆိုတာဘာတွေလဲ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ဆိုတာဘာလဲ၊ ဘာ့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိဖို့လိုတာလဲ၊ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်၍ အရေးယူခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားရမည့်နည်းလမ်း၊ အငြင်းပွားမှုများဖြစ်လာရင် ဘယ်လိုလုပ်ရမလဲ၊ လယ်ယာမြေများကို နိုင်ငံခြားသားများအား ရောင်းချခွင့်ရှိ-မရှိ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရင် ဘယ်လိုအခွင့်အရေးတွေရမလဲ၊ နစ်နာကြေးနှင့် လျော်ကြေးများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ လိုက်နာရမည့်စည်းကမ်းချက်များ စသည်တို့ကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှ ပညာပေးလက်ကမ်းစာစောင်များ မျှဝေပေးလျက်ရှိကြောင်း သိရသည်။

ယင်းလက်ကမ်းစာစောင်တွင် တောင်သူလယ်သမားများ 'သားစဉ်မြေးဆက်အဆက်ဆက် ဘဝအာမခံချက်ရရှိဖို့ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ကြစို့' ဟု ရေးသားထားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သောအကြောင်းအရာများကို ဖော်ပြရေးသားထားသည်။

လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့် ခြံမြေနှင့် မြေနုကျွန်းမြေပါဝင်ကြောင်း၊ လယ်ယာမြေကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ စည်းကမ်းနှင့်အညီ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ရရှိခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများ မိမိတို့လုပ်ကိုင်နေသည့် လယ်ယာမြေများအား လယ်ယာမြေဥပဒေပါ အခွင့်အရေးများရရှိဖို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိနိုင်ရန် လျှောက်ထားရမည်ဖြစ်ကြောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ပျက်ကွက်ပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီး အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်ကြောင်း ပုဒ်မ ၁၉ အရ ချမှတ်ထားသောအမိန့်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရသူသည် ယခင်အလားတူပြစ်မှုနှင့် စီရင်ခြင်းခံရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပုဒ်မ ၃၅ ပါ အများဆုံး ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ကျပ် ၁၀ သိန်းထက်မနည်းသည့်ငွေဒဏ်ကိုလည်း ချမှတ်ခြင်းခံရမည်။ သက်ဆိုင်သောငွေနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရာတွင် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ ပုံစံ (၁) ကို အခမဲ့ရယူလျှောက်ထားရမည်။ သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဆင့်ဆင့်မှ စိစစ်ပြီး မှန်ကန်ပါက ချိန်းဆိုသောနေ့တွင် မှတ်ပုံတင်ကြေးပေးသွင်းပြီးလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ကိုရရှိပါမည်။ လယ်ယာမြေကို နိုင်ငံခြားသားများအား ရောင်းချခွင့်မရှိပါ။ နိုင်ငံတော်အကျိုးနှင့် ပြည်သူအကျိုးအတွက် သိမ်းယူသောလယ်ယာမြေများနှင့် ယင်းလယ်မြေပေါ်တွင် အဆောက်အအုံဖြင့် ကောင်းမွန်စွာပြုပြင်ထားခြင်းအပါအဝင် မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့်ကိစ္စရပ်များအတွက် နစ်နာမှုမရှိစေရန် လျော်ကြေးရရှိစေရန်နှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်စေရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ လိုက်နာရမည့်စည်းကမ်းများမှာ**

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူသည် ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကိုလုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှစည်းကြပ်သော မြေခွန်နှင့် အခြားအခွန်များကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းကိုဆောင်ရွက်သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် (သို့မဟုတ်) အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) သက်ဆိုင်ရာလယ်မြေစီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ။

(ဆ) ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဇ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော ရာသီသီးနှံအမျိုးအစားမှ နှစ်ရှည်သီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဈ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လဲလှယ်ထားခြင်းမပြုရ။

(ည) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း (သို့မဟုတ်) လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) ပေးကမ်းခြင်းမပြုရတို့ဖြစ်ကြောင်းသိရသည်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလျှင် ရရှိမည့်အခွင့်အရေးများမှာ**

(က) လယ်ယာမြေကိုလက်ရှိထားပိုင်ခွင့် လုပ်ပိုင်ခွင့်မှ ရလာသော အကျိုးအမြတ်ခံစားပိုင်ခွင့်ရှိပါမည်။

(ခ) လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့်ရှိပါမည်။

(ဂ) အမွေဆက်ခံနိုင်ခွင့်ရှိပါမည်။

(ဃ) စည်းကမ်းမပျက်သရွေ့ လယ်ယာမြေကိုလုပ်ပိုင်ခွင့်ရှိပါမည်။

(င) စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ရေးအတွက် ကျေးလက်သမဝါယမ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူလုပ်ပိုင်ခွင့်ရှိပါမည်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နိုင်ငံခြားသား၊ နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ အကျိုးတူလုပ်ကိုင်ခွင့်ရရှိမည်ဟု လက်ကမ်းမျှဝေပညာပေးစာစောင်တွင် ပါရှိကြောင်း သိရသည်။

**ကောင်းသုတ(မင်းဘူး)**

POPULAR STAR Travel & Services
Find us on Facebook
တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ့်သမ်း - ရွှေတော်ကဏ္ဍ
Mar 26 - 130000 ကျပ်
Apr 11,12,13,17 - 190000 ကျပ်
မန္တလေး - ပင်းကျွန်း
ပြင်ဦးလွင် - စစ်ကိုင်း
Mar 26 - 130000 ကျပ်
Apr 12,17 - 150000 ကျပ်
Scania (2+2) Bus, 3 Stars Hotel, Restaurants
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

နွေရာသီရေကူးသင်တန်းများ
ဖွင့်လှစ်သင်ကြားပေးနေပါပြီ
တက္ကသိုလ်ရေကူးကန်
(အင်ယားလမ်း)
Ph:09-73105276, 09-254067394

Amazing Time
Travels & Tours
ကိုရီးယား ရောက်ရည 10-17 April 1800 USD
ဒူဘိုင်း ၆ရောက်၅ည 13-18 April 1850 USD
ပြင်သစ်-အီတလီ-ဆွစ်ဇာလန် 14-22 April 3900 USD
139, 2nd Flr, Bagaya Road, Sanchaung Township, Yangon.
012304785, 0973211907, 0973120852, 0943064845

အမည်ပြောင်း
အဖ ဦးစောလှိုင်မျိုးအေး [၁၂/လမန(နိုင်)၀၀၇၃၁၄] ၏သမီး မိတ္တီလာ အထက (၅) ရှမ်းတဲ အဌမတန်း(D)မှ မဂျူးဂျူးဇံအား ယနေ့မှစ၍ မကျော့နန္ဒာစံဟု ပြောင်းလဲခေါ်ပါရန်။ မကျော့နန္ဒာစံ







Condo
(1875 sqft),MB(3)ခန်း,AC(5),
Water-Heater, Lift
= 2650 သိန်း
(25' x 75')
= 650 သိန်း

## ကမ္ဘာ့ အော်တစ်ဇင်အသိမ်းအမှတ်နေ့ (၂.၄.၂၀၁၅)

## World Autism Awareness Day

မြန်မာအော်တစ်ဇင်အသင်း မှ ပဉ္စမအကြိမ်မြောက် ကမ္ဘာ့အော်တစ်ဇင်အသိမ်းအမှတ်နေ့ အခမ်းအနားကို ပြည်သူ့ရင်ပြင် စမ်းချောင်းသော stage ၌ (၂.၄.၂၀၁၅) ကြာသပတေးနေ့ ညနေ(၃)နာရီ မှ စ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထိုအခမ်းအနားတွင် အော်တစ်ဇင်ရှိနေသူများ၏ စွမ်းရည်ပြပွဲ ဖျော်ဖြေပွဲ လမ်းလျှောက်ပွဲ ညီညီဘရိုက်တီနှင့်နာမည်ကျော်အဆိုတော်များ ပါဝင်သော တေးဂီတဖျော်ဖြေပွဲ ရေးရောင်းပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါကြောင်းနှင့် ကလေးများအတွက် လက်ဆောင်ပစ္စည်းများ၊ အခမ်းအနားအတွက် အလှူငွေများပါဝင် လှူဒါန်းပေးပါရန် အလှူရှင်များအား နွေးထွေးစွာဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်။ ၀၉-၄၂၀၀၁၂၂၀၃၀၉ -၄၄၈၀၂၄၃၅

__လှူဒါန်းသောအလှူရှင်စာရင်း__

၁။ City Love and Hope (Main Sponsor ) – T.shirt ကျပ် ၂၇၀၀၀၀+ အမှတ်တရလက်ဆောင် ကျပ်၁၅၂၂၅၀၀+ တစ္ဆက်စာတမ်းဖြန့်ဝေ ကျပ် ၅၀၀၀၀ ၂။ CB Bank ကျပ် ၂၀၀၀၀၀+ဦးထုပ်၃၀လုံး ၃။ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းကျပ်၁၀၀၀၀၀ ၄။cotto ကျပ်-၁၀၀၀၀၀ ၅။KDL family Co.,ltdကျပ် ၁၀၀၀၀၀၆။Naing မိသားစု ကျပ်-၁၀၀၀၀၀၇။Champ Co.,Ltd လက်ဆောင်ပစ္စည်း+ကြော်ငြာစာရွက် ကျပ်၆၀၀၀၀ ၈။Premier Coffee Co.,ltd ကျပ်၅၀၀၀၀၉။Ms.Wichiya(Royal Thai Embassy) ကျပ်၁၅၀၀၀ ၁၀။Fame Co.,ltdကျပ်၁၀၀၀၀၀ ၁၁။ရွှေတွင်းခေါင်ကုမ္ပဏီ ကျပ်၁၀၀၀၀၀၁၂။မှူး/တာကျော်စွာသူရ+ဒေါက်တာဝတ်ရည်ကျော်တင့် ကျပ်၁၀၀၀၀၀ ၁၃။ယုနီက်တက်အမရာဘက် ကျပ်၁၀၀၀၀၀ ၁၄။မောင်အောင်မင်းဖိုး+Dr.အိမ့်နှင်း ကျပ်၁၀၀၀၀၀ ၁၅။မောင်ပြည့်ဖြိုးအောင်+မညည့်မှုန်သူ ကျပ်၁၀၀၀၀၀ ၁၆။မိယဉ်သီတာ+သမီးမိုစုနံ့သာ ကျပ်၁၀၀၀၀၀ ၁၇။သန့်ဇင်ဖိုး၊ ပြည့်ဖိုး ကျပ်၁၀၀၀၀၀ ၁၈။ဦးအောင်သန်းဦး+ဒေါ်သန်းဝေ ကျပ်၁၀၀၀၀၀ ၁၉။ဦးမောင်မောင်လွင်+ဒေါ်ဇင်မျိုးသန်း ကျပ်၁၀၀၀၀၀ ၂၀။ဦးဝင်းနိုင်+ဒေါ်ချိုချို ကျပ်၁၀၀၀၀၀ ၂၁။မောင်ဝေယံအောင် ကျပ်၁၀၀၀၀၀ ၂၂။Golden Foutune Co.,ltd ကျပ်၁၀၀၀၀၀ ၂၃။Sky Ward Us$100 ၂၄။AGD Bankကျပ်၅၀၀၀၀ ၂၅။ကိုမျိုးဦး+မစိုးစိုးဝင်း ကျပ်၅၀၀၀၀ ၂၆။ဦးအောင်ဇော်ဦး+ဒေါ်သီတာဝင်း ကျပ်၅၀၀၀၀ ၂၇။United Farmer ကျပ် ၅၀၀၀၀ ၂၈။မင်းသန့်သီဟ ကျပ် ၂၀၀၀၀ ၂၉။PMG Co.,ltd ကျပ်၁၀၀၀၀၀+ရေသန့်၁၃၀၀ ဘူး၃၀။ကွယ်ဟန်းကုမ္ပဏီ ရေသန့်၁၂၀၀ဘူး၃၁။မဟာမဟာခေါက်ဆွဲမှ ခေါက်ဆွဲထုပ်များ ၃၂။ကာယ်ဆီယမ်ကော့ကာမှ ကော့ဖီးအိတ်+ကော့ကာ၃၀၀ ၃၃။ အိုဗာတင်း(၈၀၀)ရွက်၊Win Food မှ၈၀၀ဗူး

## တရားပွဲ အလှူမင်္ဂလာ ဖိတ်ကြားလွှာ

T & Y ကုမ္ပဏီမှလှူဒါန်းသော [illegible] နှင့်T & Y Group of Companies ဥက္ကဋ္ဌ ဦးသက်ဆွေ အား နိုင်ငံတော်သမ္မတကြီးမှ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်း [illegible] ပူဇော်ပွဲ [illegible] "[illegible]" ဘွဲ့ရရှိခြင်းအတွက် [illegible] ကျင်းပသောတရားပွဲ၌ မိခင်ကြီးဒေါ်[illegible] နှင့်မိခင်ကြီးဒေါ်နုနုသိန်း တို့အား အမှူးထား၍ (၁.၄.၂၀၁၅) မှ (၅.၄.၂၀၁၅) အထိ (၅)ရက်တိုင်တိုင် တရားပွဲအလှူ ကျင်းပမည်ဖြစ်ပါသည်။ [illegible] မြတ်စွာဘုရားရှင်၏ တရားတော်များကို [illegible] ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

၁ . ၄ . ၂၀၁၅ (ည ၇ : ၀၀)နာရီ - [illegible] (ဓမ္မဆော်ဆရာတော်) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
[illegible]

၂ . ၄ . ၂၀၁၅ (ည ၇ : ၀၀)နာရီ - [illegible]

၃ . ၄ . ၂၀၁၅ (ည ၇ : ၀၀)နာရီ - [illegible]

၄ . ၄ . ၂၀၁၅ (ည ၇ : ၀၀)နာရီ - [illegible]

၄ . ၄ . ၂၀၁၅ (ည ၉ : ၀၀)နာရီ - [illegible]
[illegible]

၅ . ၄ . ၂၀၁၅ (ည ၇ : ၀၀)နာရီ - [illegible]

တရားပွဲကျင်းပမည့်နေရာ

[illegible] (၁၀)ရပ်ကွက် [illegible] ညနေ (၇ : ၀၀) နာရီ

[illegible]

ဒေါ်နုနုသိန်း [illegible] ဦးသက်ဆွေ+ဒေါ်[illegible] [illegible] T&Y Group of Companies မိသားစု


**Super Car Rental**

မြို့တွင်း–မြို့ပြင်၊ လချုပ်–နှစ်ချုပ် ထားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များအပ်နှံနိုင်ပါသည်။

01- 394053, 09 73008848


r; o w jy


**ရွှေခိုးစည်** သက်ကြီးခရီးစဉ်များကြိုတင်ဝယ်ယူနိုင်ပါပြီ

50% DISCOUNT အထူးခရီးစဉ်...

- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ဓွယ်တော်လေးဆူ၊ ပြည့်ဝါးပြည့်)ခရီးစဉ် 60000/-

[illegible] Apr 3,17

- ပန်းရွှေဝက်တော်၊ ဓက္ကိဳင်းတဲ၊ ဒုဂါးပွက်၊ ပကွေးဖြုဿလွန် ဘုရားစုံ (၃/၄)ရက်
- ပန်းရွှေဝက်တော် နှင့် အလောင်းတော်ကဿပ၊ မုံရွာ၊ မန္တလေး (၄)ရက်ခရီး
- ပန်းရွှေဝက်တော်နှင့် ပုဂံ(ဓွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး (၄)ရက်ခရီးစဉ်

အပတ်စဉ် သောကြာ

- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်ဖမ်းဂူ (၄)ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း၊ အလောင်းတော်ကဿပ (၅)ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဓမ်ဓာာ်နီ (၇)ရက် Apr 12

[illegible] 373275, 0949219404, 708342




ကြော်ငြာ


Aye Yar River View Resort
Old Bagan, Myanmar
မြန်မာ့ နှစ်သစ်ကူး Promotion
(For local residents only valid between April 1-30, 2015)
Single - US$ 79 nett
Twin Sharing - US$ 109 nett
Free Service Included
Wi-Fi Access
Welcome drinks upon arrival
Use of Bicycle for one hour
Use of outdoor swimming pool & mini-Gym
Use of Myanmar or Thai Traditional massage for 30 minutes at Spa Irrawaddy
Daily American breakfast
Special Discount
15% discount on consumption of Food & beverage
Guaranteed early check-in
1 night stay in Deluxe room
Reservation Inquiry:
092042628, 092042629, 09421156008, 092042135
Website : www.ayeyarriverviewresort.com


Nation
L . E . D မီးသီး
တာရှည်အသုံးခံပါသည်၊
မီတာ ၁၀% ခန့်သာစားသည်၊
01-700 122
01-703 106
01-703 108
0979 550 2200
0979 550 2211
0979 550 2299
0997 6 9999 11
0997 6 9999 22
0997 6 9999 33
80 Volt Auto 270 Volt
7W
5W
3W
Nation Electronic Industrial Co., Ltd. အမှတ်(၇၃/၇၄)၊ ဝါးတန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။


The YANGON DIRECTORY
ဘာပဲလိုလို
Everything U Need
The YANGON DIRECTORY ရန်ကုန်လမ်းညွှန် 2015
သင့် စီးပွားရေး တံခါးပေါက် များကို ဖွင့်လှစ်လိုက်ပါ
SALES DIRECT LINE 01-250 700 Tel: 01-245358, 01-373254 www.yangondirectory.com


Daw Aye Electronics & Mobile Shop (လက်လီ၊ လက်ကား အရောင်းဆိုင်)
"နှစ်သစ်အကြို အတာသင်္ကြန် မဟာ Promotion" UP To 10% to 50% Discount
10% To 50% Discount
Line Phone
ယခင်စျေး 7,200
ယခုစျေး - 5,000
PABX
ယခင်စျေး 1,150,000
ယခုစျေး - 1,000,000
Electronic Warmer
ယခင်စျေး 2,500
ယခုစျေး - 1,800
Hello Kitty Fan
ယခင်စျေး 1,000
ယခုစျေး - 800
Phone
Digital Camera
ယခင်စျေး 75,000
ယခုစျေး - 67,000
Table Clock
ယခင်စျေး 7,300
ယခုစျေး - 3,650
Wall Clock
ယခင်စျေး 15,000
ယခုစျေး - 7,500
Mobile Phone
ယခင်စျေး 52,000
ယခုစျေး - 46,000
Mobile Phone
ယခင်စျေး 26,000
ယခုစျေး - 22,500
Daw Aye
Phone : 01-298537,290295,200005,202755,293328,203164 Email: dae170@gmail.com
Phone : 02-73001,66997 Email: dae170mdy@gmail.com
Phone : 067-8108088,8108099 Email: dae170npt@gmail.com
365
Phone : 01-657164,657795 HandPhone 09 43073440,Fax: 01-657164 Email: 365mobile.gba@gmail.com


SHARP
ဂျပန်အရည်အသွေးကောင်းပစ္စည်းများနှင့် နှစ်ခြိုက်ပျော်မွေ့ပါ။
AQUOS Quattron Pro
Ion
Plasmacluster
JAPAN TECHNOLOGY
Moe Yu San, Actress,
SHARP Ambassador
SDM COMPANY LIMITED.
SHARP SERVICE CENTER.
SHARP MYANMAR
www.sharp.com.sg


THE
G•E•M•S
Garden Condominiums
8 Great Reasons
to own your lifestyle home
at GEMS Garden Condominiums today!
Advanced Construction Stage. 1
Special Home Buyer's Plan* 2
Attractive Rental income for the Condo owners 3
Strategic location in the heart of Yangon City. 4
Lifestyle Condominium of International Standard & Quality 5
Integrated Project with complete lifestyle facilities & amenities 6
Professional Property Management & Leasing Services for Home Owners 7
Expected hand over in Mar 2016 8
CALL US NOW! - 01 526146, 01 526148
Email: sales.cdl@cdsg.com.mm
အမှတ် ၁၀၃ ၊ အင်းစိန်လမ်းမ
လှိုင်မြို့နယ် ၊ ရန်ကုန်မြို့
* Terms And Condition Apply
GEMS
TOWER 1 & 2
100%
STRUCTURE
COMPLETED
QUALITY DEVELOPER . RELIABLE DEVELOPER . RESPONSIBLE DEVELOPER

Hot Line No-0930500100

# UPWC နှင့် NCCT တို့၏ (၇)ကြိမ်မြောက် ဆွေးနွေးပွဲ သတ္တမမြောက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်တွင် ပါဝင်သောအချက်များအားလုံး သဘောတူညီမှုရရှိ



**ရန်ကုန် မတ် ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲ သတ္တမရက်မြောက်နေ့တွင် NCA စာချုပ်၏ နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့် အချက်များအားလုံးကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း အစည်းအဝေးအပြီး နှစ်ဖက်ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် UPWC နှင့် NCCT တို့၏ မတ် ၁၇ ရက်တွင်ပြုလုပ်သည့် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုကို မတ် ၂၂ ရက် ဆွေးနွေးပွဲ ဆဋ္ဌမမြောက်နေ့အပြီးတွင် ခေတ္တရပ်နားခဲ့သည်။ သတ္တမမြောက်နေ့ဆွေးနွေးပွဲအဖြစ် မတ် ၃၀ ရက်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)၌ ကျင်းပခဲ့သည်။**(ယာပုံ)**

ယနေ့ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် NCA စာချုပ်အတွက် ဆဋ္ဌမနေ့ဆွေးနွေးပွဲအပြီးတွင် ညှိနှိုင်းဆွေးနွေးရန်ကျန်ရှိခဲ့သည့် အခန်းတစ်ခုနှင့် အချက်သုံးချက်တို့ကို သဘောတူဆွေးနွေးနိုင်ခဲ့သည်။ NCA စာချုပ်နောက်ဆုံးမူကြမ်းတွင် ပါဝင်သည့် အခန်းပေါင်း(၇)ခန်း၊ အပိုဒ်ပေါင်း(၃၃)ပိုဒ်နှင့် အပိုဒ်ငယ်ပေါင်း(၈၆)ခု အားလုံးကို နှစ်ဖက်သဘောတူ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



မင်းထက်အောင်(မန်းကိုယ်ပွား)

## ရတနာပုံမန္တလေးရွှေမြို့တော်ကြီး သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်နိုင်ခဲ့ပြီ

ဘဝရှင်မင်းတုန်းမင်းတရားကြီးနှင့် မြောက်နန်းစံမိဖုရားကြီးတို့ ၁၂၂၀ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်တွင် တည်ဆောက်လျှာဒါန်းခဲ့သည့် မန္တလေးမြို့တည်နန်းတည် သတ္တဌာန(၇)ဌာနဖြစ်သော (၁)မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားကြီး၊ (၂)မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး၊ (၃)မဟာပဋ္ဌာန်းဟောရွှေသိမ်တော်ကြီး၊ (၄)သုဓမ္မာရွှေဇရပ်တော်ကြီး၊ (၅)ပိဋကတ်တိုက်တော်ကြီး၊ (၆)ရွှေမြို့ရိုးတော်ကြီး (မြို့ရိုးနှင့်ပြာသာဒ်များ)၊ (၇)ကျုံးတော်ကြီး(မြို့ရိုးတော်ကြီး လေးဖက်လုံး) **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

## အာရှခြေစစ်ပွဲ နောက်ဆုံးပွဲအဖြစ် မြန်မာနှင့် ဩစတြေးလျတို့ ယနေ့ကစားမည်

**ရန်ကုန် မတ် ၃၀**

အာရှဘောလုံးအဖွဲ့ချုပ်မှ ကျင်းပလျက်ရှိသည့် အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို မတ် ၃၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာအသင်းမှာ ဩစတြေးလျအသင်းနှင့် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းမှာ နှစ်ပွဲဆက်တိုက်အနိုင်ရရှိထားသော်လည်း ခြေစစ်ပွဲအောင်မြင်ရေးအတွက် ယခု ဩစတြေးလျအသင်းနှင့် ပွဲရလဒ်မှာ အရေးပါနေဆဲဖြစ်သည်။ မြန်မာအသင်းမှာ ခြေစစ်ပွဲအကြိုကာလတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့သော်လည်း ခြေစစ်ပွဲတွင်မူ ခြေစွမ်းပြနေကာ နိုင်ပွဲများရယူနိုင်နေခြင်းလည်းဖြစ်သည်။

ယခုခြေစစ်ပွဲကို အုပ်စု ၁၀ စုခွဲ၍ကျင်းပနေခြင်းဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၌ ကျင်းပရန်စီစဉ်ထားသည့် အုပ်စု(ခ)ပွဲစဉ်များကိုမူ ရွှေ့ဆိုင်းထားသည်။ လက်ရှိကျင်းပနေသော အုပ်စုကိုးခုတွင် (ငါးသင်း) နှစ်အုပ်စုနှင့်(လေးသင်း) ခုနစ်အုပ်စုဖြစ်ကာ မကျင်းပရသေးသည့်အုပ်စု(ခ)တွင် ငါးသင်းပါဝင်လျက်ရှိသည်။ အာရှယူ-၂၃ ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရ ၁၀ သင်းထဲမှ အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၅ သင်းသာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် ရွေးချယ်ရာတွင် ငါးသင်းအုပ်စုတွင် ဒုတိယနေရာရအသင်းမှာ အုပ်စုအောက်ဆုံးမှ အသင်းနှင့်ရလဒ်ကို ပယ်ဖျက်ရမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ○

**ယနေ့ မာတိကာ**

**မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ခရီးစဉ်များ ဧပြီ ၁ ရက်မှစ၍ ပြောင်းလဲ ပျံသန်းပြေးဆွဲသွားမည်**

စာမျက်နှာ - ၂

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် နောက်ဆုံးမူကြမ်းပါ အချက်များအားလုံး နှစ်ဖက်သဘောတူညီမှုရရှိ**

အင်တာဗျူး စာမျက်နှာ - ၄

